# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ သောကြာနေ့ (25-3-2016) (၈၅၁၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရိုကိုပီစ် ပါဗလိုပူလော့စ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇစ်(စ်) စီပရာ့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘိုအောညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြား သုတေသနလုပ်ဆောင်လျက်ရှိသည့် ရှင်းလုံအပူပိုင်းရက္ခဗေဒဥယျာဉ် သွားရောက်လေ့လာ

ဘိုအော မတ် ၂၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် မတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စန်းယမြို့မှ ဘိုအောမြို့သို့ အမြန်ရထားဖြင့် သွားရောက်ကြပြီး နံနက် ၉ နာရီတွင် BFA Main Hall တွင် ကျင်းပသည့် ဘိုအောညီလာခံသို့ တက်ရောက်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် ဘိုအောညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီးများ အမည်စာရင်းသဘောတူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့အမည်စာရင်း အဆိုပြုတင်ပြ

စာမျက်နှာ - ၇


ဥတုရာသီ တောကိုမှီသည် စာမျက်နှာ - ၂

ပြည်သူတို့၏ မွေးရာပါတာဝန် စာမျက်နှာ - ၆

တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည် စာမျက်နှာ - ၁၁











ကြေးမုံစာတည်းရှုထောင့် ၂၅-၃-၂၀၁၆၊ သောကြာနေ့

# ဥတုရာသီ တောကိုမှီသည်

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူအားလုံး၏ ခံစားချက်မှာ ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေးဟုဆိုသည်ထက် ပြည်သူအားလုံး သာတူညီမျှခံစားနေရသည်မှာ ပူပြင်းသော ရာသီဥတုဟုဆိုလျှင် ပို၍မှန်ကန်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့ ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို ဆယ်စုနှစ်တစ်ခုမက ခံစားလာခဲ့ကြရပြီးဖြစ်သည်။ ဤကြားထဲတွင် လာနီညာ၊ အယ်နီညိုကဲ့သို့ ပြင်းထန်သော ရာသီဥတုများကိုလည်း ရံဖန်ရံခါကြုံတွေ့ကြရသည်။ ယခုလက်ရှိတွင် ပိုမိုပြင်းထန်သည့် အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် နွေကာလအပူဒဏ်တို့ ပေါင်းစပ်ဖြစ်ပေါ်သောအခါ လူအများနေ့စဉ်နှင့်အမျှ ရာသီဥတုဒဏ်ကို ခါးစည်းခံစားကြရသည်။

"ဥတုရာသီ တောကိုမှီ၏"ဟု သစ်တောဘက်ဆိုင်ရာတို့က ဆောင်ပုဒ်ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံအဖို့ ဆောင်ပုဒ်ထုတ်ပြန်ရုံမျှဖြင့်လည်း တောဖြစ်အောင် အားလုံးပါဝင်လုပ်ဆောင်ခြင်းမရှိနိုင်ချေ။ မြန်မာလူမျိုးများအဖို့ "ကွမ်းတံတွေး မထွေးရ"ဟုဆိုလျှင် ထိုနေရာတွင်ပင် ကွမ်းတံတွေးထွေးတတ်ကြသည်။ "အမှိုက်မပစ်ရ"ဟု ဆိုလျှင်လည်း ထိုနေရာတွင်ပင် ပစ်တတ်ကြသည်။ ယခု ဆောင်ပုဒ်နှင့်အညီ တောဖြစ်အောင် သက်ဆိုင်ရာတို့က လုပ်ဆောင်ကြရသလို နယ်မြေခံပြည်သူတို့ကလည်း ပါဝင်လုပ်ဆောင်ဖို့လိုသည်။

ပြည်သူများအားလုံး ရာသီဥတုအပူဒဏ်ကို ခံစားနေရပါသည်ဟု ပြောဆိုညည်းတွားနေရုံမျှဖြင့် အပူဒဏ်သက်သာလာမည်မဟုတ်ချေ။ အပူဒဏ်သက်သာစေနိုင်မည့် သစ်ပင်၊ သစ်တောများ စိုက်ပျိုးရေးတွင် အားလုံးပါဝင်လုပ်ဆောင်သင့်ကြပေသည်။ သစ်ပင်၊ သစ်တောများဆိုသည်မှာ လူတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း၊ ပူပြင်းခြင်းသည် သစ်ပင်၊ သစ်တောများ တစ်စတစ်စနည်းပါးသွားခြင်း၏ အကြောင်းအကျိုးဆက်စပ်မှုတစ်ခု ဖြစ်သည်။

တောတောင်များတွင် သစ်ပင်၊ သစ်တောများပြုန်းတီးမှုမရှိအောင် အသစ်ပြန်လည်စိုက်ပျိုးခြင်း၊ ရှိပြီးသစ်ပင်များကို မခုတ်လှဲခြင်း၊ တောမီးမရှို့ခြင်း၊ တောင်ယာမခုတ်ခြင်းစသည်တို့ဖြင့် သစ်ပင်၊ သစ်တောများ ရှင်သန်ဖွံ့ဖြိုးစေရန် သစ်တောဘက်ဆိုင်ရာဝန်ထမ်းများက အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည်။ တစ်ဖက်တွင် ပြည်သူလူထုအသိအမြင်တိုးပွားပြီး သစ်တော၊ သစ်ပင် မပျက်စီးရေး၊ ထိန်းသိမ်းရေးတို့တွင် ပါဝင်လာကြပြီး သစ်တော၊ သစ်ပင်ဖျက်ဆီးပါကလည်း ထိရောက်သောပြစ်ဒဏ်များချမှတ်ကာ ပညာပေးရမည်ဖြစ်သည်။

မြို့ပြများတွင် အရိပ်ရသစ်ပင်များကို နေရာလွတ်မကျန်စိုက်ပျိုးသင့်သည်။ ဤသို့စိုက်ပျိုးရာတွင် အစောပိုင်းက ဓာတ်တိုင်၊ ဓာတ်ကြိုးများနှင့်မလွတ်ကင်းသဖြင့် မြို့ပေါ်မှမလွတ်ကင်းသော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခဲ့ရာ ရာသီဥတုအတွက် ကြီးစွာသောဆုံးရှုံးမှုကိုဖြစ်စေခဲ့သည်။ လျှပ်စစ်ဘက်ဆိုင်ရာတို့က သစ်ပင်ကိုအလိုမရှိလျှင် သစ်ပင်နှင့်မြို့ပြဘက်ဆိုင်ရာတို့နှင့် ပေါင်းစပ်ညှိနှိုင်းကာ မြို့ပြအရိပ်ရသစ်ပင်များကို မည်သို့စီမံသင့်သည်ကို ပေါင်းစပ်ဆောင်ရွက်သင့်ကြသည်။

မြို့ပြမှ လျှပ်စစ်ပိုင်းဆိုင်ရာ၊ လမ်းပိုင်းဆိုင်ရာ၊ နေအိမ်ပိုင်းဆိုင်ရာတို့နှင့်မလွတ်ကင်းသောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီးပါကလည်း အစားထိုးပြန်လည်စိုက်ပျိုးခြင်းကို ချက်ချင်းအကောင်အထည်ဖော်သင့်သည်။ အရိပ်ရပျိုးထောင်ပင်များတွင် သက်တမ်းအနည်းငယ်အတွင်း အကြီးမြန်လာစေပြီး အရာဝတ္ထုများနှင့်မထိခိုက်နိုင်သော အပင်လတ်များကို တစ်ပြေးညီစိုက်ပျိုးခြင်းအားဖြင့် အရိပ်လည်းရ၊ မြို့ပြအလှလည်း ရရှိလာနိုင်သည်။

ဖွံ့ဖြိုးသောနိုင်ငံများတွင် အရိပ်ရသစ်ပင်နှင့် လမ်းနယ်နိမိတ်တို့ကို တွက်ချက်ကာ တစ်မြို့လုံး စနစ်တကျစိုက်ပျိုးထားကြသည်။ အပူစုပ်ယူမှုအားကောင်းသော အင်္ဂတေအသုံးပြုမှုကိုလျှော့ချပြီး လမ်းမြေ၊ ပလက်ဖောင်းမြေပြီးလျှင် ကြားကွက်လပ်များတွင် မြေသားမထားဘဲ မြက်ခင်းစိုက်ပျိုးခြင်း၊ အရိပ်ရပင်စိုက်ပျိုးခြင်းများကို အစီအစဉ်ပြုလုပ်ထားကြသည်။ ယခုအခါ ရန်ကုန်မြို့တွင် နှစ်စဉ် သစ်ပင်ပေါင်း ခြောက်သိန်းကျော် စိုက်ပျိုးနေကြောင်း သိရသည်။

ထို့ကြောင့် မြို့ပြများသာယာလှပပြီး ပြည်သူများအပူဒဏ်သက်သာကာ အေးချမ်းစွာနေထိုင်သွားလာနိုင်ကြစေရန် သက်ဆိုင်ရာတို့နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ပုဂံယဉ်ကျေးမှုဒေသတွင် စုပေါင်းသဲပုံစေတီပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**ညောင်ဦး မတ် ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဆယ့်နှစ်လရာသီပွဲတော်များမှ တပေါင်းလပွဲတော်ကို ဖော်ထုတ်ပြသလိုခြင်းနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်ချက်တို့ဖြင့် တပေါင်းလပြည့်နေ့တွင် တပေါင်းလ၏ပွဲတော်ဖြစ်သည့် မြန်မာ့ရိုးရာ စုပေါင်းသဲပုံစေတီပွဲတော်ကို မတ် ၂၃ ရက် နံနက်ပိုင်းက ညောင်ဦးမြို့ အမှတ်(၇)နယ်မြေ ဝက်ကြီးအင်းရပ် မြစည်းခုံ ဘုန်းတော်ကြီးကျောင်းအနီး ဧရာဝတီမြစ်သဲသောင်ပြင်ပေါ်၌ Royal Bagan Foundation နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းသဲပုံစေတီပွဲတော် ကျင်းပနိုင်ရေးအတွက် ဉာဏ်တော် ၁၁ ပေ ၃ လက်မရှိ သဲပုံစေတီကြီးနှစ်ဆူနှင့် ဉာဏ်တော် ၅ ပေ ၆ လက်မရှိ အရံသဲပုံစေတီငယ် ၃၆ ဆူ စုစုပေါင်း ၃၈ ဆူတို့ကို တည်ထားတော်မူပြီးဖြစ်ရာ ရှေးဦးစွာအခမ်းအနားတွင် ယင်းသဲပုံစေတီတော် ၃၈ ဆူတို့အား ပင့်သံဃာတော် ၁၀၈ ပါးတို့က အနေကဇာတင်လှူ ပူဇော်ခဲ့ကြသည်။

ထို့နောက် ညောင်ဦးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အပါး ၆၀၅ ပါးတို့အား ဆွမ်းဆန်တော်စိမ်း၊ ဝတ္ထုငွေနှင့် အခြားအသုံးအဆောင် ဝတ္ထုပစ္စည်းများကို နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့များ၊ Royal Bagan Foundation ဥက္ကဋ္ဌ ဦးမျိုးမင်းဦး မိသားစုနှင့် အလှူရှင်များက လောင်းလှူပူဇော်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းသဲပုံစေတီပွဲတော်သို့ လာရောက်ကြသည့် ဧည့်ပရိသတ်များအားလုံးကို အလှူရှင်မိသားစုများက မုန့်ဟင်းခါး စတုဒိသာကျွေးမွေးခဲ့သည်။ ယင်းနေ့ညနေ ၅ နာရီက နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခဲ့ပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ဂီတရှေ့ပြေး စိန်ကိုလေး တည်ထောင်သည့် သား စတားနိုင်၊ သမီး ကျောက်ပန်းတောင်း ခင်စိုးဦး၊ မြေး အမွေဆက်ခံ ရွှေလက်သံမင်္ဂလာဆိုင်းအဖွဲ့နှင့် အတူ ပရဟိတလူမှုကူညီရေးအသင်းများ၏ သရုပ်ဖော်ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**(ရဲသူရအောင်)**

# အယ်နီညိုရင်ဆိုင်ရေး တောင်သူပညာပေးဆွေးနွေး

**ကော့ကရိတ် မတ် ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မြောက်ကြာအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး နည်းပညာပေး ဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြောက်ကြာအင်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၇၈ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စပါးသီးနှံနှင့် ပဲမျိုးစုံသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိစေရန် ဆောင်ရွက်ရမည့် (GAP) စနစ်များ၊ အယ်နီညိုရာသီဥတုနှင့် ပတ်သက်ပြီး ဖြစ်ပေါ်တတ်သည့် ဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းမည့်နည်းလမ်းများ၊ သက်တမ်းတိုအထွက်ကောင်းသည့် စပါးမျိုးများ စုဆောင်းထားရှိရေး လယ်ကန်သင်းများ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ **စောမိုးမင်းသိန်း(ပြန်/ဆက်)**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**လားရှိုး မတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို လားရှိုးမိုတယ် မင်္ဂလာခန်းမတွင် ၂၄ရက်နံနက် ၉ နာရီက ကျင်းပသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ပြောကြားမည့် အဖွင့်မိန့်ခွန်းကို လားရှိုးမြို့ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထင်လင်းက ဖတ်ကြားပြီး တီဘီရောဂါအကြောင်း သိကောင်း စရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို တီဘီဆရာဝန်ကြီး ဒေါက်တာ ခိုင်စန္ဒာအောင်က ရှင်းလင်း ပြောကြားသည်။

အခမ်းအနားတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သည့် တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ PSI၊ AHRN၊ Care Myanma မိတ်ဖက်အဖွဲ့အစည်းများမှ ပညာပေးပိုစတာများဖြင့် ပြခန်းဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်(ရွှေဈေး) ၇၈၈၅၀၀ - ၇၈၉၅၀၀ မန္တလေး(ရွှေဈေး) ၇၈၈၅၀၀ - ၇၈၉၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၉ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၅၉.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၄၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၇၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၂.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၄.၀၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၃.၂၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၈.၄၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြဲန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ပြည်တွင်းရေးရာ

## ☆ ဒုတိယသမ္မတမှ

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှား၊ဘရူနိုင်းဒါရူဆလမ်၊ သြစတြေးလျ၊ ပီရူး၊ နယူးဇီလန်၊ အယ်လ်ဂျီရီးယား၊ မွန်ဂိုလီးယား၊ မက္ကဆီကို၊ ကိုရီးယားနှင့် လစ်သူယေးနီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲများသည် ဘိုအောညီလာခံကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် အာရှ ဘိုအော ဖိုရမ်ဥက္ကဋ္ဌ မစ္စတာ ယာဆူအို ဖူကူဒါတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဘိုအောညီလာခံဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ကျင်းပရာ အာရှ ဘိုအောညီလာခံဥက္ကဋ္ဌ မစ္စတာ ယာဆူအို ဖူကူဒါက အဖွင့်နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားပြီး တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ နီပေါ၊ သြစတြေးလျ နိုင်ငံတို့မှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါဥယျာဉ်သည် အပူပိုင်းဒေသအပင်များကို အဓိက သုတေသန လုပ်ဆောင်လျက်ရှိပြီး ဥယျာဉ်အတွင်း အလုပ်သမားပေါင်း ၄၀၀ ကျော်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ရှင်းလုံအပူပိုင်းရုက္ခဗေဒဥယျာဉ်သည် ဆေးသုတေသနအတွက်သာမက ပြည်သူများ အပန်းဖြေအနားယူနေသည့် နေရာတစ်နေရာဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ညနေပိုင်းတွင် နန်ရှန်ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကာ ကျောင်းထိုင်ဆရာတော်အား အလှူငွေများ လှူဒါန်းသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်ရှန်ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘိုအောညီလာခံသို့ တက်ရောက်လာရာ တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန်က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလုံအပူပိုင်း ရုက္ခဗေဒဥယျာဉ်သို့ သွားရောက်လေ့လာစဉ်။ (သတင်းစဉ်)






ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘိုအောညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)




# ဘရပ်ဆဲလ် ဗုံးဖောက်ခွဲမှု၌ ပါဝင်သူ တတိယမြောက်အမျိုးသားကို ရှာဖွေနေ

**ဘရပ်ဆဲလ် မတ် ၂၄**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေဆိပ်၌ အသေခံဗုံးခွဲတိုက်ခိုက်သူ နှစ်ဦးနှင့်အတူရှိနေသော တတိယမြောက် အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိနိုင်ရန် ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု၌ ပါဝင်သူများသည် လွန်ခဲ့သည့် နိုဝင်ဘာလက ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ခဲ့သူများ၏ ဂျီဟတ်ကွန်ရက်တွင် ပါဝင်သူများဖြစ်သည်ဆိုသော အထောက်အထားများကို ပိုမိုတွေ့မြင်လာရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မတ် ၂၂ ရက်က ဘရပ်ဆဲလ်မြို့၌ ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရန် ဥရောပသမဂ္ဂ(အီးယူ) ပြည်ထဲရေးနှင့် တရားရေးဝန်ကြီးများသည် အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။ ဘရပ်ဆဲလ်မြို့၌ ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၁ ဦးထက်မနည်း သေဆုံးပြီး ၂၇၀ ဒဏ်ရာရရှိခဲ့သည်။

ဘရပ်ဆဲလ်မြို့ရှိ လေဆိပ်နှင့် မြေအောက်ရထားဘူတာရုံတို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သူ လေးဦးရှိကြောင်း၊ ၎င်းတို့အနက် နှစ်ဦးမှာ ခါလစ်နှင့် အယ်လ်ဘာကရီအူ အမည်ရှိ ညီအစ်ကိုနှစ်ဦးဖြစ်ပြီး တစ်ဦးက လေဆိပ်၌လည်းကောင်း၊ ကျန်တစ်ဦးက မြေအောက်ရထားဘူတာရုံ၌လည်းကောင်း အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# မိုဆူးလ်မြို့တောင်ဘက် အိုင်အက်စ်နယ်မြေကို အီရတ်အစိုးရတပ်ဖွဲ့များ စတင်ထိုးစစ်ဆင်



**ဘဂ္ဂဒက် မတ် ၂၄**

အီရတ်အစိုးရ တပ်ဖွဲ့များသည် အစ္စလာမ့်စ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့ ထိန်းချုပ်ထားသည့် နီနီဗာပြည်နယ်မြောက်ပိုင်းတွင် ထိုးစစ်ဆင်မှုကို မတ် ၂၄ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း အီရတ် စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

ယင်းမှာ အီရတ်အစိုးရတပ်ဖွဲ့များ၏ မိုဆူးလ်မြို့ လွတ်မြောက်ရေးအတွက် ပထမအဆင့် စစ်ဆင်တိုက်ခိုက်မှုလည်းဖြစ်သည်။

အီရတ်အစိုးရတပ်ဖွဲ့များသည် မာဟူမာဒေသမှ စတင်ကာ ထိုးစစ်ဆင်နွှဲမှုကို စတင်ခဲ့သည်။ မကြာသေးမီရက်သတ္တပတ်များအတွင်းက ယင်းဒေသတွင်း ထောင်နှင့်ချီသော အီရတ်အစိုးရတပ်ဖွဲ့ဝင်များ ဖြန့်ချထားကာ အခြေစိုက်စခန်းတစ်ခုကို တည်ဆောက်ခဲ့သည်။

အီရတ်အစိုးရတပ်ဖွဲ့များနှင့်အတူ ကာဒစ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့များလည်း ပါဝင်သည်ဟု သတင်းတွင် ဖော်ပြသည်။ အဆိုပါတပ်ဖွဲ့များသည် မိုဆူးလ်မြို့တောင်ဘက် ကီလိုမီတာ ၆၀ အကွာတွင် စုဖွဲ့ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းပစ်ကူပေးမှုနှင့် ကာဒစ်ပက်ရှ်မာဂါ ပြောက်ကျားများ၏ ပူးပေါင်းပါဝင်မှုဖြင့် အီရတ်အစိုးရတပ်ဖွဲ့များက နိုင်ငံအနောက်ပိုင်းဒေသများ၌ စစ်ဆင်မှုများ တိုးချဲ့ ပြုလုပ်နိုင်ခဲ့ပြီး အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)လက်အောက်ရှိ ကျေးရွာအချို့ကို သိမ်းယူနိုင်ခဲ့သည်။

အီရတ်အစိုးရတပ်ဖွဲ့များက ပြုလုပ်သော ထိုးစစ်၏ ပမာဏအဆင့် (ဖာတဟ်)အောင်နိုင်သူ အမည်ရှိ စစ်ဆင်ရေးကို နီနီဗာပြည်နယ်တွင် လုပ်ဆောင်နေပြီး ယင်းဒေသတွင်းရှိ ကျေးရွာအချို့တွင် အီရတ်အစိုးရအဖွဲ့၏ အလံများ တိုးမြှင့်လွှင့်ထူနိုင်ခဲ့ကြောင်း အီရတ်စစ်ဘက်၏ ပြောကြားချက်ကို ကိုးကား၍ အီရတ်အစိုးရ ရုပ်သံလွှင့်ဌာနက ထုတ်လွှင့်သည်။

**ရိုက်တာ။**



# နယူးဇီလန် အမျိုးသားအလံ ဆက်လက်အသုံးပြုရေး ပြည်သူတို့ထောက်ခံ

**ဝယ်လင်တန် မတ် ၂၄**

နယူးဇီလန်နိုင်ငံ၌ အမျိုးသားအလံတော်ကို အပြောင်းအလဲမရှိ ဆက်လက်အသုံးပြုရန် ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူများက မဲပေးဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နယူးဇီလန် အမျိုးသားအလံတော်နှင့်ပတ်သက်၍ မတ် ၂၄ ရက်က လူထုဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ရာတွင် လက်ရှိအလံတော်ကို ဆက်လက်အသုံးပြုလိုသူ ဦးရေမှာ မဲပေးသူ ဦးရေ၏ ၅၆ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ပဏာမ မဲစာရင်းရလဒ်များအရ သိရသည်။

တည်ရှိဆဲ အမျိုးသားအလံ၏ သရုပ်ဖော်ပုံတွင် အလံထောင့်စွန်း၌ ယူနိုက်တက် ကင်းဒမ်း၏ ယူနီယံဂျက်အလံပုံစံ ပါရှိပြီး ကြယ်နီလေးလုံးကို ဖော်ပြထားသည်။

ပြည်သူ ၁ ဒသမ ၂ သန်းက မူလအလံတော်ကို ဆက်လက်အသုံးပြုရေးဘက်မှ ထောက်ခံကြပြီး ပြည်သူ ကိုးသိန်းခန့်က အလံပုံစံသစ်ကို ထောက်ခံကြသည်။

**ရိုက်တာ။**

# ရွှေ့ပြောင်းလုပ်သား ၁ ဒသမ ၅ သန်းအတွက် အခမဲ့အလယ်တန်းလွန်ပညာရေး တရုတ်အစိုးရပံ့ပိုးမည်

**ပေကျင်း မတ် ၂၄**

စာတတ်မြောက်မှုနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုတိုးတက်လာစေရန် လာမည့်ငါးနှစ်အတွင်း ရွှေ့ပြောင်းလုပ်သား ၁ ဒသမ ၅ သန်းအတွက် တရုတ်အစိုးရက အခမဲ့ သက်လတ်ပိုင်းပညာရေး ပံ့ပိုးပေးမည်ဟု ပညာရေးဝန်ကြီးဌာနက မတ် ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါဝန်ကြီးဌာန၏အဆိုအရ ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ် တက္ကသိုလ်များ သို့မဟုတ် ဒေသန္တရကောလိပ်များ၌ ရွှေ့ပြောင်းလုပ်သား ၃၀၀၀၀၀ ခန့် အလယ်တန်းလွန် ပညာရေးသင်ကြားခွင့်ရရှိရေး အစိုးရကအကူအညီပေးသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံက ကျွမ်းကျင်မှုပုံစံသစ်များဖြင့် စီးပွားရေးပြန်လည်တည်ဆောက်ရေးကို တွန်းအားပေးလုပ်ဆောင်နေသောကြောင့် ကုမ္ပဏီများမှ အလုပ်သမားများအား စွမ်းဆောင်ရည်ပိုမိုကောင်းမွန်အောင် လေ့ကျင့်ပေးရာတွင် ထိုအစီအစဉ်က အားဖြည့်ပေးမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်အကုန်ထိ တရုတ်နိုင်ငံ၌ ရွှေ့ပြောင်းအလုပ်သမား ၂၇၇ သန်းရှိခဲ့ပြီး ၎င်းတို့အနက် ၂၃ ဒသမ ၈ ရာခိုင်နှုန်းခန့်သာ အထက်တန်းကျောင်း သို့မဟုတ် အထက်တန်းပညာရေးပြီးဆုံးခဲ့ပြီး ၇ ဒသမ ၃ ရာခိုင်နှုန်းမှာ ဒေသန္တရကောလိပ် သို့မဟုတ် တက္ကသိုလ်ပညာရေး ပြီးဆုံးခဲ့ကြောင်း အစိုးရ၏ စာရင်းအင်းများက ပြသနေသည်။ ရွှေ့ပြောင်းလုပ်သားများအတွက် ပညာရေးအရည်အသွေး တိုးတက်အောင်လုပ်ဆောင်ရန် အဖွဲ့အစည်းများသို့ ပညာရေးဝန်ကြီးဌာနက တိုက်တွန်းလိုက်ပြီး သုံးသပ်အကဲဖြတ်သည့် စနစ်တစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ရွှေ့ပြောင်းလုပ်သားများ အဆင်ပြေချောမွေ့ရေးအတွက် အွန်လိုင်းသင်ကြားရေးစနစ်တစ်ရပ်ကိုလည်း အာဏာပိုင်များက ထူထောင်ပေးမည်ဟု ယင်းဝန်ကြီးဌာနက ဆိုသည်။

**ဆင်ဟွာ။**



# အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် ဓာတ်အားလိုင်း ဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ ဖွင့်လှစ်ပေး

**အဂါတာလာ မတ် ၂၄**

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးလိုင်းကို မတ် ၂၃ ရက်က ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသည် မတ် ၂၃ ရက်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့မှုစတင်ပြုလုပ်သည်။ အပြန်အလှန်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များ ဆက်သွယ်မှုလျင်မြန်စေရန် အင်တာနက်ဘန်းဝစ် ထောက်ပံ့ပေးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ပို့လွှတ်ပေးမည့်လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ ထရီပူရပြည်နယ် ပါလာတာနာမြို့၌ ကျင်းပခဲ့သည်။

**ပီတီအိုင်။**

## ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ခ) | ဒေါ်သန်းသန်းဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့ နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမြဝင်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးနိုင်ကြည်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) | ဦးစောဂျွန်ရွှေဘ<br>အထွေထွေမန်နေဂျာ<br>(သစ်ထုတ်ရေးဌာန)<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ဃ) | ဦးရန်နိုင်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (င) | ဦးမင်းမင်းဦး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သတ္တုတွင်းဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း<br>သတ္တုတွင်းဝန်ကြီးဌာန |
| (စ) | ဦးကျော်ထင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

# မြန်မာ-ထိုင်း နှစ်နိုင်ငံ ရဲတပ်ဖွဲ့အချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းအား ထိုင်းနိုင်ငံ တော်ဝင်ရဲအဖွဲ့ ဒုတိယရဲချုပ် Police General Wuthi Liptapallop နှင့် ကိုယ်စားလှယ်အဖွဲ့က မတ် ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ရုံးခန်းတွင် လာရောက်တွေ့ဆုံသည်။



အဆိုပါ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ ထိုင်းတော်ဝင်ရဲအဖွဲ့မှ အဆင့်မြင့်ရဲအရာရှိကြီးများ တက်ရောက်ကြပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး ဦးစီးအဆင့်မြင့်အရာရှိကြီးများ ပါဝင်သောအဖွဲ့နှင့် ထိုင်းနိုင်ငံ တော်ဝင်ရဲအဖွဲ့ ဒုတိယရဲချုပ် Police General Wuthi Liptapallop ဦးစီးအဖွဲ့တို့သည် ကမ္ဘာလှည့်ခရီးသွားများ လုံခြုံရေးဆောင်ရွက်မှု၊ ထိုင်းနိုင်ငံတော်ဝင်ရဲတက္ကသိုလ်နှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် လုံခြုံရေးဆိုင်ရာပြင်ဆင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တာမွေမြို့နယ်အတွင်း ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးဆောင်ရွက်

**ရန်ကုန် မတ် ၂၄**

တာမွေမြို့နယ်အတွင်း ရပ်ကွက်ကြီး၂၀ ရှိပြီး လူနေထူထပ်သဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာလည်း တစ်နေ့ထက်တစ်နေ့များပြားလာခြင်း ရာသီဥတုပူပြင်းလာသည်နှင့်အညီ အဲကွန်း၊ ပန်ကာ၊ ရေခဲသေတ္တာများ သုံးစွဲမှုများလာသဖြင့် ဓာတ်အားပြည့်မီစွာရရှိစေရေးနှင့် ယခင်တပ်ဆင်တည်ဆောက်ပေးထားသည့် ထရန်စဖော်မာများ ဝန်ပိုထမ်းမှုမရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ၆ ဒသမ ၆/၀ ဒသမ ၄ ကေဗွီ-၂၀၀ ကေဗွီအေ ထရန်စဖော်မာများနှင့် ၆ ဒသမ ၆ (Spacer Adjusting Cable)System ကေဘယ်ဓာတ်အားလိုင်းကြိုးကြီး(၃) လိုင်း အရှည် ၁ မိုင် သွယ်တန်းလိုင်းဆွဲခြင်းလုပ်ငန်းကို မတ်၂၄ ရက်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တာမွေမြို့နယ်မန်နေဂျာ(စီမံ) ဦးကျော်စန်းနှင့် မန်နေဂျာ(အင်ယာ)ဦးစိုးမိုးတို့ ကြီးကြပ်ကာ ဝန်ထမ်းများဖြင့် ကျောက်မြောင်းအရှေ့ရပ်ကွက် မလွှကုန်းလမ်းနှင့် ကျားကွက်သစ်လမ်းထောင့်တွင် (SAC)ကေဘယ်ကြိုးဆွဲခြင်းနှင့်ထရန်စဖော်မာအသစ်တည်ဆောက်တပ်ဆင်ပေးခဲ့ကြသည်။ "လျှပ်စစ်ဓာတ်အားတွေက အခုမတ်လအတွင်းမှာသုံးစွဲတာများတာကြောင့်ဖြစ်မယ်။ မီးအားကျတယ်။ ညဘက်ဆိုပိုပြီးမီးအားနည်းပါတယ်။ ရေမော်တာဖွင့်ရင်လည်း မီးအားပြည့်မှဖွင့်လို့ရတယ်။ တာဝန်ရှိတဲ့သူတွေကလိုင်းကြိုးအကြီးတွေဆွဲပေးတယ်။ ထရန်စဖော်မာအသစ်တွေထိုင်ပေးတော့ ဓာတ်အားသုံးစွဲရတာအဆင်ပြေမယ်လို့ ထင်ပါတယ်။ ကျေးဇူးလဲတင်ပါတယ်"ဟု ကျောက်မြောင်းအရှေ့ရပ်ကွက်နေ ဦးလှကြိုင်က ပြောသည်။

၂၀၁၅/၂၀၁၆ ခုနှစ်အတွင်း တာမွေကြီး(ခ)ရပ်ကွက် (၁၆၆)လမ်း ကျောက်မြောင်းကြီး ရပ်ကွက်မဂ္ဂင်လမ်း၊ မလွှကုန်း ဌေးကြွယ်ရပ်ကွက် ဇောတိကလမ်းနှင့် ဓမ္မစိန္တာလမ်း၊ သုဒဿနလမ်း၊ ပုသိမ်ညွန့်စံပြရပ်ကွက် အောင်မင်္ဂလာမြို့ပတ်လမ်း၊ မအူကုန်းရပ်ကွက်လမ်း(၁၄၀)နှင့် ယနေ့တပ်ဆင်သည့် ကျောက်မြောင်းအရှေ့ရပ်ကွက် မလွှကုန်းလမ်းနှင့် ကျားကွက်သစ်လမ်းထောင့်တို့တွင် စုစုပေါင်း ထရန်စဖော်မာရှစ်လုံးတပ်ဆင်ပြီးစီးပြီဖြစ်ပြီး ဝန်ပိုထမ်းရသည့် ထရန်စဖော်မာများမရှိတော့သဖြင့် လျှပ်စစ်အန္တရာယ်လည်းကင်းဝေးစေမှာဖြစ်ကြောင်း သိရသည်။

**(၁၉၇)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာနီကို(စ်) ကော့တ်စီရာ(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် မတ် ၂၄**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲ(ပထမနေ့)ကို ယနေ့ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာနတွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၇၆၈၁ ပါးအနက် ၁၃၈၈၂ ပါးဖြေဆိုကြသဖြင့် ၇၈ ဒသမ ၅၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးပညာဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၄**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲကို ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်တိုင်းရင်းဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ မတ် ၂၆ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းဆေးသမားတော်ဦးသောင်းလွင်က သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးပညာစာတမ်းကို ဖတ်ကြားမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆွေးနွေးနိုင်ရန် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)မှ ကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကို မတ် ၂၆ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် ဆရာဝန်များအတွက် ဦးနှောက်အမြှေးရောင်ရောဂါအကြောင်း (Recognition and Management of Meningococcal Infection for Primary Care Physicians)ကို ပါမောက္ခ ဦးအေးမောင်ဟန်၊ ပါမောက္ခရဲမြင့်ကျော်နှင့် ပါမောက္ခနီလာလွင်တို့က ဟောပြောမည်ဖြစ်ရာ ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြစိမ်းရောင်ကျေးရွာကြီးကြပ်ရေး သင်တန်းပို့ချ

**သုံးခွ မတ် ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်အေးအေးကြူ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များသည် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၃ ရွာမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ အစည်းအဝေးမှတ်တမ်းများ၊ အတိုးရငွေစာရင်းများ၊ ငွေစာရင်းပုံစံနှင့် လချုပ်ဇယားများ ရေးသွင်းနည်းတို့အား သင်တန်းပို့ချခဲ့ကြောင်းသိရသည်။ **ကိုကျော်(သုံးခွ)**

# ကျေးလက်ကျန်းမာရေးဆေးရုံ အဆောက်အအုံသစ်ဖွင့်လှစ်

**မင်းတုန်း မတ် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျောက်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ဆေးရုံသစ်ဆောက်လုပ်ပြီးစီးဆောင်ရွက်နိုင်ခဲ့သဖြင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အဆောက်အအုံသစ်အား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး ရန်ပုံငွေကျပ်သိန်း ၁၂၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ထွန်း(မင်းတုန်း)**

# ပြည်သူတို့၏မွေးရာပါတာဝန်

**ညိုထွေး**

(၇၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပမည့်ရက်သည် နီးကပ်လာချေပြီ။ ဤသို့ BIA, BDA မှသည် ယနေ့ ရှင်သန်ရပ်တည်နေရသည့်ကာလအထိ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားနက်နဲသော မဟာတာဝန်ကြီးများကို ဆက်လက်ထမ်းရွက်နေသည်သာ ဖြစ်ပါတယ်။

မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်လေ့လာရင် ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ တပ်မတော်၊ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယရယ်လို့ တိုင်းပြည်လွတ်လပ်ရေးအတွက် အခက်အခဲ အဆင်းအရဲ အမျိုးမျိုးကြားက တည်ဆောက်လာခဲ့ရတဲ့ တပ်မတော်၊ လွတ်လပ်ရေးရပြီးပြန်တော့လည်း အကြောင်းအမျိုးမျိုးကြောင့်ဖြစ်ပေါ်လာတဲ့ သောင်းကျန်းမှုအန္တရာယ်အမျိုးမျိုးကို တပ်မတော်သားများရဲ့ အသက်၊ ချွေးတွေနဲ့ ကာကွယ်ပေးဆပ်နေရတဲ့ တပ်မတော်ဖြစ်တယ်ဆိုတာ တော်တည့်မှန်ကန်စွာ လက်ခံထားရှိဖို့လိုအပ်ပါလိမ့်မယ်။

အမှန်တော့တပ်မတော်လောက် ငြိမ်းချမ်းရေးရယူလိုချင်တာ ဘယ်သူတွေရှိဦးမှာလဲ။ စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေးရရှိဖို့ဆိုတာ တိုင်းပြည်မှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်သလို တိုင်းရင်းသားပြည်သူအားလုံးက တပ်မတော်နဲ့လက်တွဲပါဝင်မှသာ အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သူတစ်လူငါတစ်မင်း၊ တစ်ရွာတစ်ဗိုလ်၊ တစ်တော တစ်ကြက်ဖ လုပ်နေကြရင်တော့ နိုင်ငံဟာ ဖရဲသီးစိတ်အခွဲခံရသလိုမျိုး ဖြစ်သွားနိုင်ပါတယ်။ တိုင်းရင်းသားအားလုံး မညီညွတ် မစည်းလုံးရင်ဖြင့် တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာနဲ့ လုံခြုံရေးပါထိပါးလာနိုင်တယ်ဆိုတာ သဘောပေါက်ဖို့လိုပါတယ်။ တပ်မတော်နေ့ဦးတည်ချက်မှာ ပါဝင်တဲ့အတိုင်း တပ်မတော်နဲ့ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေးဆိုတာ အဓိကအချက်ဖြစ်ပါတယ်။

မိမိရဲ့ပထဝီဝင်မြေ အခြေအနေနဲ့ တခြားသော အနေအထားများအရ မိမိတို့တိုင်းပြည်ဟာ ပြည်သူ့စစ်မဟာဗျူဟာနဲ့ ရှင်သန်ရပ်တည်မှ ပြီးပြည့်စုံလုံလောက်မယ့်အနေအထားဖြစ်ပါတယ်။ မည်သည့်နိုင်ငံက မိမိတိုင်းပြည်ရဲ့ အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကို ထိပါးလာနိုင်တယ်လို့ မဆိုလိုချင်ပေမယ့် ပြည်သူတစ်ရပ်လုံး ပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာစီမံကိန်းကိုတော့ ဖော်ဆောင်ရမှာဖြစ်ပါတယ်။

**“ပြည်သူ့စစ်ဆိုတာ ပြည်သူတစ်ရပ်လုံးကို အခြေခံပြီး လူ၊ ပစ္စည်း၊ အချိန်နဲ့စိတ်ဓာတ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုတဲ့စစ်ကြောင်းကြီး (၅)ကြောင်းနဲ့ အားလုံးကို ထုတည်ထားပြီး တရားသော ယုံကြည်ချက်အတွက် အနိုင်ရသည်အထိ တရားသော စစ်မက်ရေးရာယှဉ်ပြိုင်ခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါတယ်”**

ဒီတော့ မိမိရဲ့ ပထဝီအနေအထား၊ လူဦးရေ၊ တပ်မတော်ရဲ့အင်အား၊ ဒါတွေကို နှိုင်းဆချင့်ချိန်တွက်ဆပြီး တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့အချက်ကို ပြည်သူ ပြည်သားအားလုံး အလေးအနက်ထည့်သွင်းစဉ်းစားထားရမှာဖြစ်ပါတယ်။

ဘယ်နိုင်ငံက ကျူးကျော်စော်ကားလာနိုင်တယ်။ ဘယ်နိုင်ငံက အချုပ်အခြာအာဏာကို ထိပါးလာနိုင်တယ်ဆိုတာကို မဖော်ညွှန်းလိုသော်လည်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမျိုးရေးတွေအရ ယနေ့ မိတ်ဆွေဟာ မနက်ဖြန် ရန်သူဖြစ်နိုင်သလို ယနေ့ ရန်သူဟာလည်း မနက်ဖြန် မိတ်ဆွေဖြစ်လာနိုင်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာမှာ ယနေ့ ဝမ်းမြောက်ကြည်နူးဖွယ် ဖြစ်ရပ်လေးတွေလည်း ကြုံသိရပါတယ်။ ၁၉၂၂ ခုနှစ်က စတင်ဖွဲ့စည်းလေ့ကျင့်လာတဲ့ တက္ကသိုလ်အရန်တပ်ဖွဲ့ဟာ ၁၉၈၇ ခုနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွေမှာ ပြန်လည်စတင်ဖွဲ့စည်းလှုပ်ရှားလေ့ကျင့်တာကြုံရတော့ တစ်ချိန်က တက္ကသိုလ်အရန်တပ်ရင်းမှာ အခြေခံစစ်ပညာတွေသင်ကြားခဲ့ပြီး တပ်မတော်ထဲဝင်ရောက်အမှုထမ်းခဲ့တဲ့ မိမိအဖို့ ဝမ်းသာမိပါတယ်။ ကျောင်းသားများသာမက ယခုအခါ ကျောင်းသူများနဲ့ ဆရာ ဆရာမများပါ ပါဝင်လေ့ကျင့်တယ်ကြားရတာ အထူးဝမ်းသာပါတယ်။ မိမိတို့ခေတ်အခါက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်တက္ကသိုလ် အရန်တပ်ရင်းက တပ်ဖွဲ့ဝင်တွေဟာ နွေရာသီကျောင်းပိတ်ရက်တွေမှာ မေမြို့ အဖရ (အင်အားဖြည့်တင်းရေးတပ်)၊ တိုက်ကြီး ဂျိုးဖြူ တဗက(၁)၊ အမှတ် (၁)တိုင်းဗဟိုလေ့ကျင့်ရေးတပ်တွေမှာ အခြေခံစစ်ပညာတွေကို ပစ်ခတ်စဉ်တွေအပါအဝင် ပြီးဆုံးအောင် လေ့ကျင့်နိုင်ခဲ့ကြပါတယ်။ များလှစွာသော တက္ကသိုလ်အရန်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များလည်း ဝါသနာအရ တပ်မတော်ထဲရောက်ရှိအမှုထမ်းခဲ့ကြပါတယ်။

တိုင်းပြည်အရေးကြုံလာရင် ဒီလိုတက္ကသိုလ်ကျောင်းတွေရဲ့ တက္ကသိုလ်အရန်တပ်ဖွဲ့ဝင်များသာမက မြို့မ အမျိုးသား အထက်တန်းကျောင်းက ကျောင်းသားရဲခေါင်တပ်ဖွဲ့ဝင်များဟာလည်း တိုင်းပြည်အေးချမ်းရေးအတွက် အသက်ပေးပါဝင်ခဲ့ကြပါတယ်။ မြို့မကျောင်းသားရဲခေါင်တပ်ဖွဲ့ဆိုတာ နိုင်ငံရေးလုပ်တဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ စစ်ပညာ၊ စစ်သင်တန်းတွေလေ့ကျင့်တဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးတိုက်ပွဲတွေအနက်က လှည်းကူးမြို့နယ် စာဘူးတောင်းရွာ တိုက်ပွဲတွေမှာ လိုအပ်ချက်အရ မြို့မကျောင်းသားရဲခေါင်တပ်ဖွဲ့ဝင်များဟာ တပ်မတော်နဲ့ပူးပေါင်းပြီးရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့တဲ့သာဓကတွေ အထင်အရှားရှိခဲ့ကြပါတယ်။ ဒါကြောင့် မြို့မကျောင်းသားရဲခေါင်တပ်ဖွဲ့ဝင် ကိုလှမောင်ဟာ အထက်တန်းကျောင်းသားလေးဘဝနဲ့ တိုင်းပြည်အတွက် ကျဆုံးသည်အထိ တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဒါဟာ ဘယ်သူ့တိုက်တွန်းမှုမှ မပါဘဲ တိုင်းပြည်အေးချမ်းဖို့အတွက် ငါတို့မွေးရာပါတာဝန်ရှိတယ်ဆိုတဲ့ တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တွေ ဝင်စားခဲ့မှုတွေပါ။

ယနေ့လည်း တချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် တပ်မတော်နေ့ ဦးတည်ချက်မှာ ပါရှိတဲ့အတိုင်း ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်က ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး ငံ့လင့်နေပါတယ်။ NCA လက်မှတ်ထိုးတဲ့အဖွဲ့ရှိသလို လက်မှတ်မထိုးတဲ့ အဖွဲ့တွေလည်းရှိနေပါတယ်။ ဒီနေရာမှာ တပ်မတော်ရဲ့သဘောထားရပ်တည်ချက်(၆)ရပ်အတိုင်း လိုက်နာကြရင်တော့ ပြည်သူအများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေးဟာ လမ်းပွင့်လာမှာဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲ လက်နက်ကိုင်အင်အားကို စွမ်းအားတစ်ရပ်အဖြစ် ရှေ့တန်းတင်နေဦးမယ်ဆိုလာရင်တော့ ရေရှည်တည်တံ့တဲ့ စစ်မှန်သောငြိမ်းချမ်းရေးဆိုတာ ဝေးနေဦးမှာပဲလို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။

တပ်မတော်သားများဟာ မကြာမတင်ကာလတွေမှာပဲ နိုင်ငံတော်အတွက် အချုပ်အခြာအာဏာမထိပါးရေးနဲ့ တိုင်းပြည်လုံခြုံရေးအတွက် လောက်ကိုင်ဒေသမှာ အသက်များ ပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။

တပ်မတော်သားများ၏ ဇနီး၊ သားသမီးများကိုယ်တိုင်လည်း တချို့သောလက်နက်ကိုင်များရဲ့ ကျူးကျော်စော်ကားတိုက်ခိုက်ခြင်းကို ရဲရဲဝံ့ဝံ့ ကာကွယ်ခဲ့ကြပြီးဖြစ်သလို နောင်လည်း ဆက်လက်ကာကွယ်သွားဦးမည်သာဖြစ်ပါတယ်။

အဆိုပါ စစ်သည်မိသားစုဝင်များဟာ တိုင်းပြည်ကို ကာကွယ်ရမယ်ဆိုတဲ့ တိုင်းချစ်၊ ပြည်ချစ်စိတ်နဲ့ မွေးရာပါတာဝန်တွေကိုကျေပွန်ခဲ့ကြသူများဖြစ်လို့မှတ်တမ်းတင်ဂုဏ်ပြုရမှာဖြစ်ပါတယ်။ ဖော်ပြပြီးဖြစ်သလို တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာထိပါးစော်ကားလာမှုကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့မှု၊ ဒေသအသီးသီးမှာ တိုင်းပြည်အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ပေးနေရမှုများအပြင် သဘာဝဘေးဒုက္ခအန္တရာယ်များ ခံစားရသူ ပြည်သူတွေအတွက် လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်များဖြင့် ထိရောက်စွာပံ့ပိုးဖြည့်ဆည်းပေးမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။

ဒ့ါအပြင် ဒေသန္တရအသီးသီးက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဝဝကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများတွင်လည်းကောင်း၊ နောက်ဆုံးသွားလာရေးခက်ခဲတဲ့ ဒေသတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် ရေယာဉ်ပေါ်တွင် ဆေးရုံအဖြစ် ခေတ်မီကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ သမားတော်များနှင့် ကုသပေးခြင်း၊ လိုအပ်ပါက တပ်မတော်ဆေးရုံများသို့ ပို့ဆောင်ကုသပေးခြင်း၊ ယုတ်စွအဆုံး ရေရှားပါးသည့်ဒေသနေ ပြည်သူများအတွက် သောက်သုံးရေ ပို့ဆောင်ဖြည့်ဆည်းပေးခြင်း စတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း အဝဝကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ဆဲလည်းဖြစ်ပါတယ်။ ဒါဟာလည်း တပ်မတော်ရဲ့လုပ်ငန်းတာဝန်မှာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဆိုတာ လေးနက်စွာပါရှိပြီးဖြစ်ပါတယ်။

ပြည်သူ့စစ်မဟာဗျူဟာအရ ပြည်သူပြည်သားတိုင်း ပါဝင်ကြရမယ့် အနေအထားဖြစ်လေတော့ အရွယ်ရောက်သူတိုင်း စစ်မှုထမ်းဘဝကို အချိန်အကန့်အသတ်နဲ့ ထမ်းဆောင်ကြရင်လည်း တပ်မတော်နဲ့ ပြည်သူဟာ တစ်သားတည်းဖြစ်ဖို့ အခြေအနေတစ်ခုဖြစ်ပါလိမ့်မယ်။ အချိန်ပိုင်း စစ်မှုထမ်းဘဝမရောက်ခင် လေ့ကျင့်ရေးကာလအတွင်းမှာပဲ တပ်မတော်အပေါ် သဘောပေါက်နားလည်လာလိမ့်မယ်လို့ ယူဆမိပါတယ်။

ဆွစ်ဇာလန်နိုင်ငံမှာဆိုရင် လေသူရဲများအပါအဝင် နိုင်ငံသားအားလုံးဟာ ပြည်သူ့စစ်များဖြစ်ကြောင်း၊ ၄၈ နာရီအတွင်း တစ်တိုင်းပြည်လုံး အသင့်ဖြစ်နိုင်ကြောင်း၊ ကျေးရွာအလိုက် စက်ပစ်ကွင်းများထားရှိပြီး အိမ်တစ်ဖက်၊ တပ်မတော်အတွင်းမှာတစ်ဖက် ရပ်တည်နေကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာကြားသိရပါတယ်။

တိုင်းပြည်ရဲ့ တကယ့်အရေးနဲ့ပတ်သက်လို့ တပ်မတော်ရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း ၁၃-၇-၁၉၄၇ ရက်နေ့က ပြောကြားတဲ့ မိန့်ခွန်းကိုဖော်ပြလိုပါတယ်။

“အရွယ်ရောက်တဲ့သူမှန်သမျှ စစ်မှုမထမ်း မနေရဆိုပြီးတော့ အတင်းဥပဒေနဲ့ စစ်ထဲထည့်ရလိမ့်မယ်။ အဲဒါမျိုးတွေ လုပ်တန်လုပ်ရလိမ့်မယ်။ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်ထဲဝင်ရလိမ့်မယ်။ ဝင်ပြီးတဲ့နောက် စစ်ဖြစ်တဲ့အခါ ဝင်တိုက်ရမယ်ဆိုတာ ခင်ဗျားတို့ တိုက်ချင် တိုက်ချင်၊ မတိုက်ချင် မတိုက်ချင် ဝင်တိုက်ရမှာပဲ။ ဒါကလည်း တာဝန်ပဲ”

သမိုင်းအစဉ်အလာကြီးမားစွာနဲ့ စတင်သန္ဓေတည်ပေါက်ဖွားလာတဲ့ တပ်မတော်သည်လည်း ၎င်း၏ တပ်မတော်နေ့ရည်မှန်းချက်များအတိုင်း အခက်အခဲမရှိ ကျေပွန်စွာဖော်ဆောင်နိုင်ပါစေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကလည်း လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လက်နက်ကိုင်အင်အားကို စွမ်းအားတစ်ရပ်အဖြစ် ခံယူကျင့်သုံးချင်တဲ့အစွဲ စတဲ့ အစွဲအားလုံးကင်းစင်ပြီး တိုင်းပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေရင်းပြီး ရေရှည်တည်တံ့တဲ့ စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေးရရှိအောင် ပါဝင်ရပ်တည်နိုင်ပါစေလို့ ဆန္ဒပြုရင်း တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။ ။

## ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။
(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။
(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ဦးပိန်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ရှေးမူမပျက်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများစတင်



**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကမ္ဘာကျော်ဦးပိန်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေးမူမပျက်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို မတ် ၂၃ ရက်က ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ပညာရှင်များ၏ အကြံဉာဏ်ကို ရယူကာ စတင်ဆောင်ရွက်လျက်ရှိသည်။

“ဒီကမ္ဘာကျော်ဦးပိန်တံတားကြီးကို ပြန်လည်ပြုပြင်ရာမှာ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဆရာတော်ကြီး အပါး ၂၀ ထံ သွားရောက်ပြီး ဩဝါဒခံယူခဲ့ပါတယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရှင်များအသင်း (ရန်ကုန်)မှ ပညာရှင်များနှင့် အားလုံး၏ အကြံဉာဏ်များကိုရယူကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားယဉ်ကျေးမှုပြတိုက်ဦးစီးဌာနမှ ပံ့စံငယ်ကိုရယူပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များနဲ့ ဆောင်ရွက်ခဲ့တာပါ”ဟု ဦးပိန်တံတားထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောကြားသည်။

၂၀၁၄ ခုနှစ် သင်္ကြန်ကာလတွင် လာရောက်လည်ပတ်သူ တစ်နေ့လျှင် နှစ်သိန်းကျော် ဖြတ်သန်းသွားလာခဲ့ရာ တံတားကြီးကြံ့ခိုင်ရေးမှာ စိုးရိမ်ရသည့်အခြေအနေဖြစ်ခဲ့သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးပိန်တံတား ရေရှည်တည်တံ့ရေးနှင့် တောင်သမန်အင်း သန့်ရှင်းသာယာလှပရေးကော်မတီကို အရေးပေါ်ဖွဲ့စည်းခဲ့ပြီး ငွေကျပ် ၁၄၃ သိန်း အကုန်ကျခံပြုပြင်ခဲ့ကြောင်း သိရသည်။

“တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်က လိုအပ်တဲ့ငွေကြေးထောက်ပံ့မှုပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့ပြီး အလှူရှင် Myanmar Teak Wood Indus tries Co.,Ltd.က ဦးကြည်စိန်က အကူအညီပေးဖို့ ကမ်းလှမ်းလာခဲ့ပါတယ်။ အဲဒီကုမ္ပဏီက ထိုင်းနိုင်ငံမှာရှိတဲ့ ဒုတိယအရှည်ဆုံးတံတားကို တည်ဆောက်ခဲ့တဲ့ ကုမ္ပဏီဖြစ်တာကြောင့် သဘောတူခွင့်ပြုခဲ့ပြီး ရှေးမူမပျက်ပြန်လည်ပြုပြင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာပါ”ဟု ၎င်းကပြောဆိုသည်။

ကမ္ဘာကျော်ဦးပိန်တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်ရယူပြီး မြို့မိမြို့ဖများ၊ ဦးပိန်တံတား ချစ်မြတ်နိုးသောပြည်သူများနှင့် အကြိမ်ကြိမ်ဆွေးနွေးကာ အလှူရှင် Myanmar Teak Wood Industries Co.,Ltd. က ဆောင်ရွက်လျက်ရှိပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များက အနီးကပ်ကြီးကြပ်ကာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုဝန်ကြီးများ အမည်စာရင်းသဘောတူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ အမည်စာရင်း အဆိုပြုတင်ပြ

**နေပြည်တော် မတ် ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံမှ အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီးများ၏အမည်စာရင်းကို လွှတ်တော်က သဘောတူပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း အဆိုပြုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်က ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုထားသည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို မတ် ၂၂ ရက်တွင် ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ အသိပေးတင်ပြခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်အရည်အချင်းများဖြင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက မတ် ၂၃ ရက် နောက်ဆုံးထားတင်ပြရန် အသိပေးကြေညာခဲ့ပါကြောင်း။

သို့သော်လည်း ကန့်ကွက်သူမရှိသည့်အတွက် အဆိုပြုတင်ပြထားသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ သူရဦးအောင်ကို၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဒေါက်တာသန်းမြင့်၊ နိုင်သက်လွင်၊ ဒေါက်တာဖေမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၂၈ အရ သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၀နှင့်အညီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ဥက္ကဋ္ဌအပါအဝင် ၉ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ခုံရုံးအဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတမှ ရွေးချယ်ထားသူ ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်ထားသူ ၃ ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်ထားသူ ၃ ဦး စုစုပေါင်းအဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၄ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များမှာ နိုင်ငံတော်သမ္မတမှ ရွေးချယ်သော ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှရွေးချယ်သော ဦးမျိုးညွန့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှရွေးချယ်သော ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းတို့ကို ခုံရုံးအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်သော ဦးမျိုးညွန့်ကို ခုံရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်ပြထားကြောင်း အသိပေးကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များက မတ် ၂၅ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပြီး ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ အမည်စာရင်း

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်အောင်ဆန်းစုကြည် |
| ၂။ | ဒေါက်တာအောင်သူ |
| ၃။ | ဦးသန့်စင်မောင် |
| ၄။ | သူရဦးအောင်ကို |
| ၅။ | ဦးအုန်းဝင်း |
| ၆။ | ဦးသိန်းဆွေ |
| ၇။ | ဦးကျော်ဝင်း |
| ၈။ | ဦးခင်မောင်ချို |
| ၉။ | ဒေါက်တာမြင့်ထွေး |
| ၁၀။ | ဦးဝင်းခိုင် |
| ၁၁။ | ဒေါက်တာဝင်းမြတ်အေး |
| ၁၂။ | ဦးအုန်းမောင် |
| ၁၃။ | ဒေါက်တာသန်းမြင့် |
| ၁၄။ | နိုင်သက်လွင် |
| ၁၅။ | ဒေါက်တာဖေမြင့် |
| ၁၆။ | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း |
| ၁၇။ | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ |
| ၁၈။ | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် |

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်သွင်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမည်စာရင်း

| စဉ် | ရွေးချယ်တင်ပြသူ | အဆိုပြုခံရသူ | မှတ်ချက် |
|---|---|---|---|
| ၁။ | သမ္မတ | (က) ဦးညီညီ<br>(ခ) ဦးမြင့်ဝင်း<br>(ဂ) ဦးမျိုးမြင့် | |
| ၂။ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ | (က) ဦးမျိုးညွန့် | နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ခုံရုံးဥက္ကဋ္ဌအဖြစ် အဆိုပြုသူ |
| | | (ခ) ဦးခင်မောင်ချို<br>(ဂ) ဒေါ်ခင်ဌေးကြွယ် | |
| ၃။ | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ | (က) ဦးတွာလ်ကျင်ပေါင်<br>(ခ) ဒေါ်လှမျိုးနွယ်<br>(ဂ) ဦးကျော်ဆန်း | |

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

## ညောင်လေးပင်မြို့နယ် ကျူချောင်း(အရှေ့)ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်

**ညောင်လေးပင် မတ် ၂၄**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၂၃ ဒသမ ၉ သန်းနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းထည့်ဝင်ငွေကျပ်သန်း ၃၀ တို့ဖြင့် ဆောင်ရွက်ခဲ့သော ကျူချောင်း (အရှေ့)ကျေးရွာ လျှပ်စစ်မီးလင်းရေး လုပ်ငန်းဖွင့်ပွဲကို မတ် ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ကျူချောင်း(အရှေ့)ကျေးရွာ၌ ကျင်းပသည်။

ထို့နောက် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောလင်းအောင်နှင့် ဦးအောင်ဦး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်လျှပ်စစ်မှူး ဦးကြည်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာတွင် 200 KV ထရန်စဖော်မာ တပ်ဆင်ပြီး အိမ်ခြေ ၁၂၀၊ လူဦးရေ ၉၀၀ ကျော်တို့ လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ပြီဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြသည်။

**နေလင်း(ညောင်လေးပင်)**

## ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့လာနိုင်သည့် ပူပြင်းခြောက်သွေ့မှုနှင့် ရေရှားပါးမှုအပေါ် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များ ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ရေး သတိပေးနှိုးဆော်

ရာသီဥတုပြောင်းလဲမှုကြောင့် ယခုနှစ်နွေရာသီတွင် မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံဒေသအချို့တွင် မိုးခေါင်မှုနှင့် ရေရှားပါးမှုပြဿနာများ ရင်ဆိုင်ရလျက်ရှိကြောင်း သတင်းများအရ သိရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပြည်နယ်အားလုံးနီးပါး မိုးခေါင်မှုကြုံတွေ့နေရပြီး ခြောက်သွေ့ရာသီအတွင်း ရေကို ထိန်းသိမ်းထားရန်၊ နေ့စဉ် ရေသုံးစွဲမှုကို လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်း မပြုရန်၊ မိုးရာသီရောက်သည့်တိုင် ရေများသိုလှောင်ထားရန်နှင့် ခြောက်သွေ့ရာသီအတွင်း ကျန်းမာရေးအတွက် ရေကို လုံလောက်စွာသောက်သုံးရန် ပြည်သူများသို့ သတိပေးညွှန်ကြားမှုများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် အချို့ဒေသများ၌ ရေရှားပါးပြတ်လပ်မှုများကို စတင်ရင်ဆိုင်နေကြရလျက်ရှိရာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအရေးပါသည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ မထိခိုက်စေရေးအတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဒေသအလိုက် ကြုံတွေ့ရသည့် ရာသီဥတုအခြေအနေများပေါ်မူတည်၍ အရန်ရိက္ခာအစီအစဉ်များ၊ အရန်မျိုးစေ့အစီအစဉ်များ၊ ရေရရှိရေးနှင့် ရေစုဆောင်းရေးနည်းလမ်းများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ပူးပေါင်းလျက် ကြိုတင်စီမံဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာညှိနှိုင်း

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးဌာနများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးဇေယျာအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အစိုးရသက်တမ်းတွင် ဘဏ်နှင့်ငွေရေးကြေးရေးကဏ္ဍတိုးတက်မှုအတိုင်းအတာတစ်ခုအထိရရှိခဲ့ကြောင်း၊ ဘဏ်များနှင့်ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေရေးကြေးရေးအလုံးစုံပါဝင်မှုဖြစ်စေရန် ဆက်လက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များရှိသေးကြောင်း၊ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပြဋ္ဌာန်းပြီးသည့်အချိန်မှစ၍ သီးခြားလွတ်လပ်သည့် ဗဟိုဘဏ်တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒစသည့် အခြားသောမူဝါဒများကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ ဘဏ်လုပ်ငန်းများ တိုးတက်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့်ဘဏ်များပူးပေါင်း၍ မိမိ၏မူဝါဒနှင့်အညီ မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အစိုးရငွေတိုက်လက်မှတ်လေလံနှင့်ပတ်သက်သည့် ကိစ္စများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရန်အတွက် ချေးငွေအခွင့်အလမ်းများရရှိစေရန်ကိစ္စကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပို့ကုန်ဝင်ငွေများ ပြန်လည်ဝင်ရောက်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်ကိစ္စနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မေခရိုစီးပွားရေး တည်ငြိမ်စေရေးကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။




မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက အာဆီယံစီးပွားရေးအသိုက်အမြုံ ၂၀၂၅ (AEC 2025) သို့ သွားကြရာတွင် ဘဏ်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုမို၍ချဲ့ထွင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် ကျွမ်းကျင်မှုများ လွှဲပြောင်းရရှိနိုင်ရန် နိုင်ငံခြားဘဏ်များကို ဘဏ်ခွဲလိုင်စင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဘဏ်နှင့် နိုင်ငံခြားဘဏ်များ ပူးပေါင်းဆောင်ရွက်မှသာလျှင် ၂၀၂၅ AEC သို့ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် (၅)နှစ်အတွင်း ဘဏ်လုပ်ငန်းကဏ္ဍအပါအဝင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့သည်ဆိုသည့်အချက်ကို လက်ခံရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

### ❖ ကျောက်မဲမှ

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်ကြီးယာဉ်ငယ်များနှင့် စက်တပ်ယာဉ်အားလုံး စုပြုံပိတ်ဆို့ရပ်ဆိုင်းသွားရသည်။ အချိန်မှန်ပြေးဆွဲနေသော မူဆယ်-မန္တလေး-ရန်ကုန် အဝေးပြေးခရီးသည်တင် ယာဉ်များလည်း ယာယီရပ်ဆိုင်းသွားခဲ့ရသည်ဟု သီပေါကားဂိတ်မှူးတစ်ဦးက ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုစတင်ဖြစ်ပွားခဲ့သည့်နေရာမှာ သီပေါမြို့အနီးတွင်ဖြစ်သော်လည်း စည်းကမ်းလိုက်နာမှုမရှိသောမော်တော်ယာဉ်အချို့၏ အလုအယက်ကျော်တက်ခြင်း၊ နေရာလုခြင်းများကြောင့် နှစ်ဖက်ယာဉ်များ ထိပ်တိုက်တွေ့ဆုံ၍ ရှေ့တိုးမရ နောက်ဆုတ်မရဖြစ်ကုန်ပြီး တဖြည်းဖြည်းနှင့် ယာဉ်ကြော နှစ်ထပ်၊ သုံးထပ်ဖြစ်ကာ ယာဉ်ကြောပိတ်ဆို့ရခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးကလည်း ပြောပြသည်။

ယင်းကဲ့သို့ ယာဉ်ကြောလမ်းကြောင်း ပိတ်ဆို့မှုနေရာများသို့ ကျောက်မဲခရိုင်နှင့် သီပေါမြို့နယ်မှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက လမ်းကြောင်းပြန်လည်ပွင့်နိုင်ရေးအတွက်သွားရောက်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တာဝန်ရှိသူတွေအပိုင်းကတော့ လမ်းကြောပိတ်ဆို့နေတဲ့ ကားလမ်းတစ်လျှောက်ကို အပင်ပန်းခံလိုက်လံပြီး လမ်းပြန်ပွင့်ရေးအတွက် အပူတပြင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ မတ် ၂၃ ရက် ညနေပိုင်းလောက်မှာတော့ လမ်းအားလုံး ပြန်ပွင့်သွားပြီး ယာဉ်များ သွားလာနိုင်ခဲ့ပါတယ်။ ဒီကားလမ်းပိုင်းကတော့ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တတ်ပါတယ်။ ခုတစ်ကြိမ်ကတော့ အကြီးမားဆုံး ကားလမ်းပိတ်ဆို့မှုကြီးတစ်ခုလို့ ပြောရမလားပဲ"ဟု သီပေါမြို့နယ် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက ပြောခဲ့သည်။

"ဒီကားလမ်းပိုင်းမှာ ခုလိုယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ခဲ့ပါတယ်။ အဓိကတော့ လမ်းကျဉ်းလမ်းကောက်နေရာတွေမှာ တွဲကား၊ ကုန်ကားကြီးတွေ တစ်ခုခုဖြစ်ပွားခဲ့ရင် လမ်းပိတ်လေ့ရှိပါတယ်။ ဒါပေမယ့် ခုတစ်ကြိမ်လမ်းပိတ်မှု ဖြစ်ခဲ့တာကတော့ ဘော်ကြိုဘုရားပွဲတော်ကြောင့် မဟုတ်ပါဘူး။ မသက်ဆိုင်ပါဘူးခင်ဗျာ။ ဘုရားပွဲတော်ကျင်းပနေတဲ့ဘော်ကြိုကျေးရွာနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့နေရာမှာဖြစ်သွားခဲ့တာပါ။ အဲဒီဖြစ်တဲ့နေရာကလည်း အလွန်ကျဉ်းမြောင်းပြီး အသွားအလာခက်တဲ့နေရာမျိုးဖြစ်ပါတယ်။ ကားကြီးနှစ်စီးလမ်းပိတ်မိနေတဲ့နေရာမှာ နှစ်ဖက်ကားတွေက အလုအယက် ကျော်တက်ကြရင်းကနေ ယာဉ်ကြောပိတ်မိသွားပြီး နှစ်ဖက်ကားတန်းရှည်ကြီးဖြစ်တာပါ။ ခုတော့ လမ်းပြန်ပြီးကောင်းမွန်သွားပါပြီ" ဟု ရဲတပ်ကြပ်ကြီးတစ်ဦးကလည်း ရှင်းလင်းပြောကြားခဲ့သည်။

မတ် ၂၃ ရက် ညနေပိုင်းမှစတင်၍ အဆိုပါ ယာဉ်ကြောပိတ်ဆို့နေမှုများကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့ပြီး နှစ်ဖက်မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ကြပြီဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်နယ်စပ်အထိ မောင်းနှင်သွားလာနေလျက်ရှိကြသည့် မော်တော်ယာဉ်မောင်းအချို့ကမူ ဂုတ်တွင်းကားလမ်းမှအစ လမ်းကြောင်းတစ်လျှောက်၌ ယာဉ်ကြောပိတ်ဆို့မှု ရှိ၊ မရှိ အခြေအနေများကို ဖေ့ဘွတ်စ်ပေါ်တင်၍ အချင်းချင်း သတင်းပို့အသိပေး၍ သွားလာကြလျက်ရှိကြောင်း သိရသည်။

**သီပေါ (ကိုလတ်)**



### ☆ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေး၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့ (Navy SEALs) နှင့် ယာဉ်ယန္တရားများ ပါဝင်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

### ✱ သံလှယ်လျှပ်စစ်မှ

ရှေးဦးစွာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက သံလှယ်မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက 45 KW Motor & Pump လေးစုံဖြင့် ရေစတင်ပေးဝေခြင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကရင်ပြည်နယ်တွင် မြစ်ရေတင်လုပ်ငန်းများအနေဖြင့် ယခင်က တရုတ်လှ၊ ဘားကပ်၊ ထုံးအိုင်၊ ဇာသပြင် လျှပ်စစ်မြစ်ရေတင် လေးခု၊ ဂျိုင်းနှင့်ဇာသပြင် ဒီဇယ်မြစ်ရေတင် နှစ်ခု စုစုပေါင်းမြစ်ရေတင် ခြောက်ခုရှိခဲ့ပြီး ယခုသံလှယ်မြစ်ရေတင်လုပ်ငန်းသည် ခုနစ်ခုမြောက်ဖြစ်ကာ ရေသောက်ဧရိယာ ဧက ၈၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

ယခုကဲ့သို့ သံလှယ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ပေါ်ပေါက်လာစေရန် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ပြည်နယ်စိုက်/ကြပ်အဖွဲ့တို့သည် တောင်သူများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်း သဘောတူညီချက်ရယူပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စီမံကိန်းစတင်ခဲ့ပြီး ငွေကျပ် သန်းပေါင်း ၂၁၄၃ သန်း ကုန်ကျမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်မှသာ လုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်ပြီး စနစ်တစ်ခုလုံးပြီးစီးမှုမရှိသေးသော်လည်း ပြီးစီးသည့်အပိုင်းကို အကျိုးရှိစေရန် ယခုနှစ်တွင် ဧက ၃၀၀ ရေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မန္တလေး-ပုဂံ ရထားလမ်း အဆင့်မြှင့်တင်

**နွားထိုးကြီး မတ် ၂၄**

မန္တလေး-ပုဂံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံချက်အရ နွားထိုးကြီး-ဝက်လူး ဘူတာလမ်းပိုင်းတွင် မီးရထားလမ်းသုံးကျောက်ဖြည့်တင်းရန်နှင့် သစ်သားဇလီဖားတုံးအစား ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ရန် ကျောက်များနှင့် ကွန်ကရစ်ဇလီဖားတုံးတင် ရထားတွဲများ နွားထိုးကြီးဘူတာသို့ မတ် ၂၀ ရက်က ရောက်ရှိလာသည်။

မန္တလေး-ပုဂံရထားလမ်းကို ယခုကဲ့သို့ ခေတ်မီကွန်ကရစ်ဇလီဖားတုံး အစားထိုးသုံးစွဲခြင်း၊ မီးရထားလမ်းသုံးကျောက်ဖြည့် တင်းခြင်းကြောင့် ရထားလမ်းချော်မှုများ နည်းပါးလာကြောင်း နွားထိုးကြီးဘူတာရုံတာဝန်ရှိသူက ပြောသည်။

သစ်သားဇလီဖားတုံးနေရာတွင် ခေတ်မီကွန်ကရစ် ဇလီဖားတုံးများ အပြည့်သုံးရန် ပစ္စည်းများပေးပို့ရောက်ရှိခြင်းဖြင့် မန္တလေး-ပုဂံ မီးရထားလမ်းအန္တရာယ် ပိုမိုကင်းမည်ဖြစ်ကြောင်း ဒေသခံတို့ကပြောသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**



# အမျိုးသားစွမ်းအင် ချွေတာရေးကိစ္စဆွေးနွေး



**နေပြည်တော် မတ် ၂၄**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မတ် ၂၄ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် National Energy Efficiency Policy Cooperation Meeting သို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ခြိုးခြံချွေတာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒ ရည်မှန်းချက်များ၊ ရှေ့ဆက်သွားမည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို အဓိကဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာပံ့ပိုးမှုတို့နှင့် ပေါင်းစပ်ပြီးရေးဆွဲထားသည့် National Energy Efficiency and Conservation Policy, Strategy and Roadmap ကို နိုင်ငံတော်မှ အတည်ပြုပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်သွားရန် သဘောတူညီမှုရရှိထားပြီးဖြစ်သဖြင့် တက်ရောက်လာသည့် အဖွဲ့အစည်းများသို့ အသိပေးပြောကြားလိုပါကြောင်း၊ ယခု မူဝါဒကြီး ရေးဆွဲနိုင်ရေးအတွက် အကူအညီပေးခဲ့သော အာရှဖွံ့ဖြိုးရေးဘဏ်၊ International Energy Efficiency Expert နှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်လျက် စက်မှုဝန်ကြီးဌာနသည် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်မှစတင်၍ နိုင်ငံတော်အဆင့်ဖွဲ့စည်းခဲ့သည့် အမျိုးသားစွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ရန်အတွက် စက်မှုဝန်ကြီးဌာနမှ တာဝန်ယူထားကြောင်း၊ ရည်မှန်းချက်များနှင့် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို ADB နှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုလည်း ပေါင်းစပ်ဖြည့်သွင်းထားပြီးဖြစ်ကြောင်း၊ National EnergyEfficiency Target များ အနေဖြင့် ၂၀၁၂ ခုနှစ်၏ စွမ်းအင်သုံးစွဲမှုကို Baseline Data အဖြစ်သတ်မှတ်၍ ၂၀၂၀ ပြည့်နှစ်တွင် ၁၂ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းလျှော့ချသွားရန် ရည်မှန်းထားကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည့်အတွက် အာဆီယံစွမ်းအင်ကဏ္ဍတွင်လည်း အဖွဲ့ဝင်နိုင်ငံများအလိုက် သဘောတူညီထားသည့် စွမ်းအင်သုံးစွဲမှုလျော့ကျစေရေးအစီအမံများ၊ လုပ်ရှားဆောင်ရွက်မှုများနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးဆိုင်ရာ သဘောတူညီချက်အရ ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးကို အထောက်အကူပြုစေမည့် ဆောင်ရွက်မှုလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို ခံစားနေရပြီး စွမ်းအင်အကျိုးရှိစွာသုံးစွဲနိုင်စေရေးအတွက် စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ပါက အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘက်ကလည်း တတ်စွမ်းသမျှ ထောက်ပံ့အားပေးမှုများ ပြုလုပ်သွားရန် ရည်မှန်းထားသကဲ့သို့ တက်ရောက်လာကြသော နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးပေးကြရန် ဖိတ်ခေါ်ကြောင်းပြောကြားသည်။

ထို့နောက် Asian Development Bank (ADB)၏ Principal Energy Specialist ဖြစ်သူ Mr. Jim Liston က National Energy Efficiency Policy နှင့်စပ်လျဉ်း၍ ADB ၏ ရည်မှန်းချက်များနှင့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ADB ၏ Energy Efficiency Expert ဖြစ်သူ Mr. Felix Gooneratne က National Energy Efficiency Policy, Strategy နှင့် Roadmap တို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်လင်းက ဆွေးနွေးမှုများ၏ အနှစ်ချုပ်ကို ရှင်းလင်းတင်ပြပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**



**သမိုင်းဝင် ရွှေတိဂုံစေတီတော်မြတ်ကြီး (၂၆၀၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို မတ် ၂၂ ရက်က သံဃာတော်အပါး ၁၈၀၀အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လောင်းလှူပူဇော်ကြစဉ်။** (ဝင်းမင်း)



## ဝိနယဓိကစာအောင်ဆုနှင်းသဘင် ဆင်ယင်ကျင်းပ

**ရန်ကုန် မတ် ၂၄**
အင်းစိန်မြို့နယ်လုံးဆိုင်ရာ အကြိမ်(၆၀)မြောက် ဝိနယဓိကစာအောင်ဆုနှင်းသဘင်ပွဲကျင်းပပူဇော်သည့် မင်္ဂလာအခါတော်နေ့အခမ်းအနားကို မတ် ၂၀ရက် မွန်းလွဲ ၂နာရီတွင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် သာသနာ့ဝင်ကျောင်းဆောင်တော်ကြီး၏ ပထမထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွာမပရိယတ္တိဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်သြဝါဒခံယူကြပြီး စာအောင်သံဃာတော်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများထံမှ သြဝါဒကထာနှင့် ရေစက်ချအနုမောဒနာတရားနာကြားခဲ့ကြသည်။ အခမ်းအနားတွင် ဝိနယဓိကပရိယတ္တိစာမေးပွဲကြီးတွင် ဓမ္မာစရိယတန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း၊ ရှင်ငယ်တန်း စုစုပေါင်း ၄၃၅ ပါးအောင်မြင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာအသင်းကစားပုံကောင်းသော်လည်း စင်ကာပူကို ရှုံးနိမ့်

သတင်း – ညီမြတ်သော်တာ
ဓာတ်ပုံ – စိုးညွန့်(ခေတ္တစင်ကာပူ)

**စင်ကာပူ မတ် ၂၄**
၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအတွက် ပြင်ဆင်နေသည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်က စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲနောက်ဆုံးပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ကစားခြင်းဖြစ်ပြီး စင်ကာပူလက်ရွေးစင်အသင်းက ပွဲပြီးခါနီးတွင်သွင်းယူသည့်ဂိုးဖြင့် အနိုင်ရသွားသည်။ မြန်မာအသင်းမှာ ခြေစွမ်းပိုင်းအရ အိမ်ရှင်စင်ကာပူအသင်းထက် သာလွန်ကောင်းမွန်ခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းချက်အချို့နှင့် တိုက်စစ်၌ လိုအပ်ချက်အချို့ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းခံစစ်ပိုင်းမှာ လူကပ်ကစားရာတွင် ပိုမိုကောင်းမွန်ရန် လိုအပ်နေပြီး အဓိကတိုက်စစ်မှူးကျော်ကိုကိုမှာ ကစားဖော်များနှင့် အတွဲမိပါက တိုက်စစ်ပိုင်းပိုကောင်းသွားဖွယ်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂိုး-ကျော်ဇင်ဖြိုး၊ နောက်တန်း-မျိုးကိုထွန်း၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ အလယ်တန်း-ရန်အောင်ကျော်၊ ရဲကိုဦး၊ ကြည်လင်း၊ မောင်မောင်လွင်၊ ရှေ့တန်း - အောင်သူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ရာ လူငယ်ကစားသမား အများစုပါဝင်လာသည်။ ပွဲအစတွင် မြန်မာအသင်းကစားပုံကောင်းခဲ့ပြီး စင်ကာပူဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ကာ ကျော်ကိုကို၊ အောင်သူတို့ အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခြင်းဖြစ်သည်။ စင်ကာပူအသင်းမှာ မြန်မာအသင်းအမှားကို စောင့်ကာ



**မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။**

ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၂၆ မိနစ်တွင် ဂိုးရရှိခဲ့သည်။ ခိုင်ရှုနီဇမ်၏ ကန်သွင်းချက် ပြန်လျှံထွက်လာသည်ကို အသင်းခေါင်းဆောင် အစ္စတတ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားကွက်တည်မရဖြစ်ခဲ့ပြီး လက်ကျန်မိနစ်များတွင် စင်ကာပူအသင်းက ပွဲကို ထိန်းချုပ်သွားသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက နန္ဒကျော်အစား ဟိန်းသီဟဇော်၊ မောင်မောင်လွင်အစား ဆောင်လမန်တို့ကို ထည့်သွင်းကစားခဲ့ရာ ကစားအားသိသိသာသာတက်လာပြီး စင်ကာပူဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ၆၅ မိနစ်တွင် မြန်မာအသင်းချေပဂိုး ပြန်ရခဲ့ပြီး လူစားဝင်ကစားသမား ဆောင်လမန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

သရေဖြစ်ပြီးနောက်ပိုင်းတွင် မြန်မာအသင်း တရစပ်ဖိအားပေးနိုင်ခဲ့ပြီး ၇၂ မိနစ်တွင် ကျော်ကိုကိုအပိုင်ကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့သည်။ ၈၆ မိနစ်တွင် မြန်မာအသင်း မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ဖာဇာရူလ်က စင်ကာပူအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာလက်ရွေးစင်အသင်းမှာ နည်းပြသစ်ဂတ်ဖရိုင်းဒရစ်လက်ထက်တွင် နိုင်ပွဲမရသေးဘဲ ရှုံးပွဲဆက်ခဲ့သည်။ ယခုပွဲကို စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်အများအပြား လာရောက်အားပေးခဲ့သည်။

■

# မန္တလေးမြို့ မင်္ဂလာဈေးမှဆိုင်ခန်းပေါင်း ၃၂၁ ခန်းမီးလောင်ကျွမ်းခဲ့၍ ကျပ်သိန်းပေါင်းတစ်သောင်းကျော်ဆုံးရှုံး

**မန္တလေး မတ် ၂၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၃) လမ်းနှင့် လမ်း ၃၀ ရှိ မင်္ဂလာဈေးတွင် မတ် ၂၂ ရက် ညနေ ၅ နာရီခွဲခန့်မှစတင်ကာ လေးနာရီကြာ မီးလောင်ခဲ့မှုကြောင့် ဆိုင်ခန်းစုစုပေါင်း ၅၅၀ အနက် အတည်တကျဆိုင်ခန်းပေါင်း ၃၂၁ ခန်းနှင့် ပုံကျဆိုင် ၄၃ ဆိုင် မီးလောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်းပေါင်း ၁၀၅၄၆ ဒသမ ၆၀ ခန့်ဖြစ်ကြောင်း မြို့တော်စည်ပင်မှ မတ် ၂၃ ရက် မွန်းလွဲပိုင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးဈေး၌ ရုံးခန်းခုနစ်ခန်း၊ အရောင်းပြခန်း ခြောက်ခန်း၊ အတည်တကျဆိုင်ခန်း ၄၈၁ ခန်း၊ လူနေတိုက်ခန်း ၅၆ ခန်း စုစုပေါင်းအခန်း ၅၅၀ ရှိရာ အရောင်းပြခန်း လေးခန်း၊ အတည်တကျဆိုင်ခန်း၂၉၈ခန်း၊ လူနေတိုက်ခန်း ၁၉ ခန်း၊ ပုံကျဆိုင်ခန်း ၄၃ ခန်းတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

"မီးလောင်သွားပြီဆိုတော့ ခိုင်ခံ့မှုရှိ မရှိ ဝင်ရောက်လို့ရ မရ ဒါတွေကို စစ်ဆေးပြီး အန္တရာယ်ကင်းနိုင်လို့ ပစ္စည်းသယ်ယူတာကို အပိုင်းလိုက်ခွင့်ပြုထားတယ်။ လူတွေရဲ့အသက်က အဓိကကျတယ်။ ပြုပြင်မှာလား။ အားလုံးဖြိုချပြီး အသစ်တည်ဆောက်ရမှာလားဆိုတာ ပညာရှင်တွေနဲ့ ဖွဲ့စည်းစစ်ဆေးသွားမယ်"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးထွန်းကြည်က မတ် ၂၃ ရက် နံနက်ပိုင်းက မင်္ဂလာဈေးသို့လာရောက်စဉ် ပြောကြားသည်။

ဆုံးရှုံးမှုများမှာ မြေညီထပ် ငွေကျပ် ၂၉ ဒသမ ၈၀ သိန်း၊ ပထမထပ် ငွေကျပ် ၅၃၃၄ ဒသမ ၀၀ သိန်း၊ ဒုတိယထပ် ငွေကျပ် ၂၇ ဒသမ ၇၅ သိန်း၊ တတိယထပ် ငွေကျပ် ၁၄၈ ဒသမ ၀၀သိန်းအပြင် လျှပ်စစ်နှင့်ပတ်သက်သည့် ဆုံးရှုံးမှုတန်ဖိုးမှာ ၇ ဒသမ ၈၅ သိန်းတို့တွင် စုစုပေါင်း ငွေကျပ် ၅၅၄၇ ဒသမ ၆၀ သိန်းနှင့် မီးလောင်ပျက်စီးသည့် ပစ္စည်းဆုံးရှုံးမှုခန့်မှန်းတန်ဖိုး ကျပ်သိန်း ၅၀၀၀ ခန့်ဖြစ် ရာ စုစုပေါင်းကျပ်သိန်းပေါင်း ၁၀၅၄၆ ဒသမ ၆၀ ခန့်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် အဆောက်အအုံတွင်းသို့ ဝင်ရောက်ခွင့် ယာယီပိတ်ထားခဲ့သော်လည်း မတ် ၂၃ ရက် နံနက် ၈ နာရီခွဲမှစ၍ ဆိုင်ခန်းပိုင်ရှင်များနှင့် တိုက်ခန်းနေထိုင်သူများအား ပစ္စည်းများသယ်ယူခွင့်ပြုခဲ့ကြောင်း၊ သယ်ယူမှုအဆင်ပြေစေရန်နှင့် စနစ်တကျရှိစေရေးအတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်နှင့်တာဝန်ခံများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်အပါအဝင် ဆိုင်ခန်းအတော်များများ မီးလောင်ဆုံးရှုံးသွားခဲ့တယ်။ ပြောချင်တာက အားမငယ်ကြပါနဲ့။ ကမ္ဘောဇဘဏ်က ဆိုင်ခန်းအမျိုးအစားအလိုက် ချေးငွေထုတ်ချေးမယ်ဆိုတာသိရလို့ အားတက်စရာပါ။ မန္တလေးမြို့မှာရှိတဲ့ဈေးတွေအားလုံးကလည်း မီးမပေါ့ဆဘဲ အထူးဂရုစိုက်ကြပါ"ဟု မီးလောင်ဆုံးရှုံးမှုတွင် ပါဝင်ခဲ့သည့် စိန်နဲ့မြမွေ့ရာဆိုင်ပိုင်ရှင် ဦးကျော်မင်းက ပြောသည်။

မီးလောင်ကျွမ်းခံရသည့် မင်္ဂလာဈေးနှင့်ပတ်သက်ပြီး ဆိုင်ခန်းပိုင်ရှင်များနှင့် တိုက်ခန်းနေထိုင်သူများ၏ ပစ္စည်းများရွှေ့ပြောင်းရေး၊ သန့်ရှင်းရေးလုပ်ငန်းများကို သကြ်န်မတိုင်မီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိအဆောက်အအုံသတ်မှတ်ရန်အတွက် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ နည်းပညာတက္ကသိုလ်(မန္တလေး) စသည့်ပညာရှင်များဖြင့် အဆောက်အအုံစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ နည်းပညာအကူအညီများဖြင့် စစ်ဆေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တရုတ်နိုင်ငံသို့ သတ္တုရိုင်းသွင်းကုန်ပမာဏ သိသာစွာကျဆင်း

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သတ္တုရိုင်းသွင်းကုန်ပမာဏသည် ယခုနှစ် ဖေဖော်ဝါရီလအတွင်း သိသာစွာကျဆင်းခဲ့ကြောင်း တရုတ်နိုင်ငံ အခွန်ဌာနက တရားဝင်ထုတ်ပြန်သည့် နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သတ္တုရိုင်းသွင်းကုန်ပမာဏ ၈၆၄၁ တန်ချိန်ရှိခဲ့ရာ လွန်ခဲ့သည့်တစ်နှစ်ခွဲကာလအတွင်း ၅၃ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်ဟုဆိုသည်။ ယခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သတ္တုရိုင်းသွင်းကုန်ပမာဏ စုစုပေါင်းသည် ၇၂၄၃၆ တန်ရှိခဲ့သည်ဟုလည်း ဖော်ပြထားသည်။

ဖေဖော်ဝါရီလအတွင်း တင်ပို့ခဲ့သည့် သတ္တုရိုင်းသွင်းကုန်သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစတင်ကာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိစံချိန်တင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယခုလအစောပိုင်းက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် သတ္တုရိုင်းသွင်းကုန်ပမာဏသည် မြင့်တက်လာသည်ဟု အိုင်တီအာရ်အိုင်က ဖော်ပြထားပြီး သတ္တုရိုင်းသွင်းကုန်ပမာဏသည် ယခုလအတွင်း ပုံမှန်အဆင့်ထက်မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ယခုနှစ် မတ်လနှင့် ဧပြီလများအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သတ္တုရိုင်းသွင်းကုန်တင်ပို့မှုသည် ပျမ်းမျှတန်ချိန် ၄၀၀၀၀ ခန့်အထိ မြင့်တက်လာဖွယ်ရှိနေပြီး မိုးရာသီကာလတွင်မူ လျော့ကျဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သတ္တုရိုင်းတင်ပို့မှုသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်းတန်ချိန် ၄၃၅၃၁ တန်ရှိခဲ့ကြောင်းလည်း ဖော်ပြထားသည်။ **(ငွေကြယ်)**

# ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း ကွင်းဆင်းဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၂၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဧပြီလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ထားကြောင်း သိရသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ မိုးကောင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး |
| ၃။ | မကွေးတိုင်းဒေသကြီး | ပေါက်၊ မင်းတပ်၊ မတူပီ၊ အောင်လံ၊ စေတုတ္တရာ၊ တောင်တွင်းကြီး |
| ၄။ | မန္တလေးတိုင်းဒေသကြီး | မလှိုင် |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော်၊ သာပေါင်း |

**(ကြေးမုံ)**



# ခက်ခဲသည့် ရေပြဿနာအတွက် ပိုမိုစိုးရိမ်နေရသည့် ထုံးဖိုရွာ

"သင်္ကြန်တွင်းဆိုရင် ရေကစားဖို့ ရွာထဲမှာရေမရှိဘူး။ ဒီနေရာလေးမှာပဲ ရေရှိတယ်။ ရွာထဲက လူတွေအကုန်လုံးကလည်း အရင်နှစ်တွေက ဒီနေရာလေးမှာပဲ ရေလာကစားကြတယ်။ ဒီနှစ်တော့ ဒီနေရာလေးမှာ ရေကစားဖို့ ရေရှိပါ့မလားတောင်စိုးရိမ်နေရတယ်"ဟု တစ်ရွာလုံးဝိုင်းပြီးသုံးနေရသည့် ရေတွင်းလေးတစ်တွင်းကို လက်ညှိုးထိုးပြီး ရေအခက်အခဲဖြစ်ရသည့်အကြောင်း ထုံးဖိုရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ထုံးဖိုရွာသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၏ အရှေ့ဘက်တွင်တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ၃၀၀ ကျော်ရှိသည်။ အဆိုပါကျေးရွာတွင် သောက်ရေအတွက် ရေတွင်းတစ်တွင်းနှင့် သုံးရေအတွက် ရေတွင်းတစ်တွင်းသာရှိသည်။ အဆိုပါကျေးရွာအတွက် လက်ရှိအသုံးပြုနေသည့် ရေတွင်းဘေးတွင်သာ သင်္ကြန်ရက်ကို ဖြတ်သန်းခဲ့ရသည်ဟု သိရသည်။

ထုံးဖိုကျေးရွာအုပ်စုအတွင်းရှိ ထုံးဖိုရွာသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် သောက်သုံးရေအတွက် အခက်အခဲများစွာကြုံခဲ့ရသည့် ကျေးရွာဖြစ်ပြီး ယခင်နှစ်များက တစ်ရွာလုံးဝိုင်းသုံးနေရသည့် သောက်ရေတွင်းနှင့် သုံးရေတွင်းတို့မှ နွေရာသီရေမရတော့သည့်အချိန်တွင် ရွာမြောက်ဘက်ခပ်လှမ်းလှမ်းတွင် စီးဆင်းနေသည့် ညောင်ကိုင်းချောင်းသို့ သွားရောက်ခပ်ယူရကြောင်း သိရသည်။ ယင်းညောင်ကိုင်းချောင်းသည်လည်း နွေရာသီရောက်ချိန်တွင် ရေမစီးဆင်းတော့ခြင်းကြောင့် လက်ယက်တွင်းများတူးဖော်ကာ သောက်ရေအတွက်ရော သုံးရေအတွက်ပါ တန်းစီစနစ်ဖြင့် ခပ်ယူနေရသည့်ကျေးရွာဖြစ်သည်။

"ကျွန်မတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လက်လုပ်လက်စားတွေကတော့ သောက်သုံးရေအတွက် အခက်အခဲပိုရှိတာပေါ့။ သူများအလုပ်လုပ်ရတာဆိုတော့ တခြားသူတွေလို သောက်သုံးရေခပ်ဖို့ လူတစ်ယောက်အပိုမထားနိုင်ဘူး။ အဲဒီလိုဆိုတော့ အလုပ်ကနေပြန်ရောက်မှပဲ ဒီရေတွင်းကို ရေလာခပ်ရတယ်။ တစ်ရွာလုံးကလည်း ဒီတွင်းမှာပဲခပ်ရတာဆိုတော့ အလုပ်ပြန်ဆိုရင် တန်းစီစောင့်ပြီးမှ ခပ်ရတာကများတယ်"ဟု ထုံးဖိုကျေးရွာမှ လက်လုပ်လက်စားအမျိုးသမီးတစ်ဦးက ဆိုသည်။

ထုံးဖိုကျေးရွာတစ်ရွာလုံးက အဓိကအားကိုးအားထားပြုနေရသည့် သောက်ရေတွင်းတစ်တွင်း၊ သုံးရေတွင်းတစ်တွင်းနှင့် ရေတွင်းများ ရေပြတ်ပါက အစားထိုးအသုံးပြုသည့် ညောင်ကိုင်းချောင်းသည် ကျေးရွာ၏ မြောက်ဘက်တွင် တည်ရှိသည်။ လက်ရှိသောက်ရေတွင်းနှင့် သုံးရေတွင်းကို စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းတို့ကိုသာ ပိုက်သွယ်၍ ရေပေးထားသည်။

"ရေအခက်အခဲတွေရှိနေလို့ မိုးရာသီတစ်ခုတည်းပဲ သီးနှံစိုက်ပျိုးရေး လုပ်လို့ရတယ်။ နွေရာသီရောက်ရင် သီးနှံတွေ မစိုက်နိုင်ဘူး။ ပြီးခဲ့တဲ့သုံးလက တူးပေးထားတဲ့ စက်ရေတွင်းတစ်တွင်းတော့ရှိတယ်။ အခုအချိန်အထိတော့ အဲဒီစက်ရေတွင်းကို ကျေးရွာက မသုံးရသေးဘူး။ အဲဒီစက်ရေတွင်းသုံးဖို့ ဘယ်သူ့တာဝန်ပေးခဲ့တယ်ဆိုတာတောင် ကျွန်တော်တို့ မသိဘူး။ အဲဒီတွင်း သုံးလို့ရရင်တော့ ပိုအဆင်ပြေတာပေါ့" ဟု ထုံးဖိုကျေးရွာဒေသခံ ဦးမောင်နုက ရှင်းပြသည်။



အဆိုပါစက်ရေတွင်းသည် လက်ရှိအသုံးပြုနေသည့် သောက်ရေတွင်းနှင့် သုံးရေတွင်းအနီးတွင် ကပ်လျက်အနေအထားဖြင့် တူးဖော်ပေးထားခြင်းဖြစ်သော်လည်း စက်ရေတွင်းအတွက် အသုံးပြုမည့်အင်ဂျင်ကိုလည်း သော့ခတ်ကာပိတ်ထားသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် ထုံးဖိုကျေးရွာဒေသခံများအနေဖြင့် အခက်အခဲဖြစ်နေသည့် ရေပြဿနာကို အမြန်ဆုံးပြေလည်စေချင်ကြပြီး ယခင်နှစ်များက နွေရာသီရောက်လျှင် ရေတွင်းအတွင်းရှိရေသည် နှစ်ပေနီးပါးကျန်သော်လည်း ယခုနှစ်တွင် အယ်နီညိုသဘာဝဘေးအန္တရာယ်ကြုံတွေ့သည့်နှစ်ဟု သတ်မှတ်ထားခြင်းကြောင့် ခက်ခဲမည့် ရေပြဿနာအတွက် ပိုမိုစိုးရိမ်နေကြသည်။

မြန်မာနိုင်ငံ၌ အားကောင်းသည့်အယ်နီညိုဖြစ်စဉ်ဖြစ်ပေါ်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်းမှသာ ပုံမှန်ရာသီဥတုအခြေအနေသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတု ခန့်မှန်းရေးဗဟိုဌာနများက ခန့်မှန်းချက်များထုတ်ပြန်ပေးထားပြီးဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတစ်ဝန်းတွင် အပူရှိန်များမြင့်မားမှု၊ ရေရှားပါးမှုအပြင် ကူးစက်ရောဂါဖြစ်ပွားမှုများပင် နေရာအနှံ့အပြား၌ ဖြစ်ပေါ်လျက်ရှိပြီး နေ့အပူရှိန်များမှာ ၃၆ ဒီဂရီစင်တီဂရိတ်မှ ၄၁ ဒီဂရီစင်တီဂရိတ်အထိ ပူပြင်းလာကြောင်းလည်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(နိုင်လင်းကြည်)**

ပြည်တွင်းရေးရာ

# ထိုင်း-မြန်မာချစ်ကြည်ရေး(မဲဆောက်-မြဝတီ)အမှတ်(၂) ကုန်သွယ်မှုတံတားတည်ဆောက်မှု ၄၀ ရာခိုင်နှုန်းကျော်ပြီးစီး



**မြဝတီ မတ် ၂၄**

ထိုင်း-မြန်မာချစ်ကြည်ရေး အမှတ်(၂) တံတားဖြစ်သည့် မဲဆောက်-မြဝတီကုန်သွယ်မှု တံတားကြီးအား ၂၀၁၈ ခုနှစ် အပြီးသတ် လုပ်ငန်းအပ်ရန် သတ်မှတ်ထားသော်လည်း ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(ယာပုံ)**

အဆိုပါတံတားကို ရေလယ်တိုင်မပါဘဲ ချည်းကပ်တိုင် ၁၇ တိုင်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ထိုင်းဘက်တွင် ၁၂ တိုင်နှင့် မြန်မာဘက်တွင် ငါးတိုင် စိုက်ထူထားကြောင်း သိရသည်။ တံတား၏ပင်မအရှည်မှာ မီတာ ၇၆၀ ဖြစ်ပြီး ထိုင်းဘက်ခြမ်း ၅၁၅ မီတာ၊ မြန်မာဘက်ခြမ်း ၂၄၅ မီတာအရှည်ရှိကြောင်း သိရသည်။

သောင်ရင်းမြစ်လယ် P12 နှင့် P13 ကြား ထောက်တိုင်မဲ့တံတားအရှည်မှာ မီတာ ၁၂၀ သာရှိပြီး တံတားကြီးအတွက် ကုန်ကျငွေမှာ စုစုပေါင်းဘတ်သန်း ၃၉၀၀ ဖြစ်ပြီး လမ်းအတွက် ထိုင်းဘတ်ငွေသန်း ၆၆၀၊ တံတားအတွက် ထိုင်းဘတ်ငွေသန်း ၆၄၀၊ ကုန်သွယ်မှုတံတားမှာ ခွင့်ပြုတန်ချိန် တန် ၁၂၀ ထိ သတ်မှတ်ထားပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ယခုတံတားတည်ရှိရာ နေရာသို့ လာရာလမ်းတွင် ချောင်းကူးတံတားများရှိသည်။

ကုန်သွယ်မှုတံတားကြီး တည်ဆောက်ပြီးစီးချိန်တွင် တန်ပိုယာဉ်များ ဖြတ်သန်းလာနိုင်ရန် အဆိုပါတံတားငယ်များအား ပြုပြင်ရမည်ဖြစ်သည့်အတွက် တံတားငယ်များပြုပြင်ကုန်ကျငွေ ထိုင်းဘတ်ငွေသန်း ၂၈၀၊ ယခုတံတားကြီးပြီးစီးသွားပါက တံတားဘေးတွင် ထိုင်း-မြန်မာ ကုန်သွယ်ရေးဇုန်ထားရှိမည်ဖြစ်သောကြောင့် အဆိုပါလုပ်ငန်း တည်ဆောက်မှုအတွက် ကုန်ကျငွေ ထိုင်းဘတ်ငွေ သန်း ၁၀၂၀၊ တံတားတည်ဆောက်မှုကြောင့် မိမိတို့ပိုင်မြေနေရာအား ဆုံးရှုံးသွားသူများအား လျော်ကြေးငွေပေးအပ်ရန် ထိုင်းဘက်ခြမ်းအတွက် ထိုင်းဘတ်ငွေသန်း ၃၀၀၊ မြန်မာဘက်ခြမ်းအတွက် မြေယာဆုံးရှုံးသွားသူများအား လျော်ကြေးငွေခန့်မှန်း မြန်မာ ငွေကျပ်သန်း ၉၀၀၀ ခန့်မှန်းထားသော်လည်း ယခုအချိန်အထိ ဘတ်ဂျက်ချပေးငွေမှာ မြန်မာငွေကျပ်သိန်း ၁၀၀၀ သာရှိသေးကြောင်းလည်း သိရသည်။

"ယခုတွက်ချက်ထားမှုများဟာ တံတားနဲ့ မြေယာလျော်ကြေးသာ သက်ဆိုင်ပြီး မြစ်ကမ်းထိန်းနံရံတွေကိုတော့ ထိုင်းနိုင်ငံ ဆည်မြောင်းနှင့် ရေအရင်းအမြစ်က တာဝန်ယူတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီတံတားကြီးကို လုပ်ငန်းအပြီးအပ်ရမယ့်ကာလကတော့ ၂၀၁၈ ခုနှစ်ဖြစ်ပြီး ထိုင်းဘက်ခြမ်းမှာတော့ ၂၀၁၆ အကုန်မှာ ပြီးစီးနိုင်ပါတယ်။ မြန်မာဘက်ကတော့ မြေယာလျော်ကြေးကိစ္စကော လုပ်ငန်းစတင်မှုတွေပါ နောက်ကျတာကြောင့် ၂၀၁၈ ခုနှစ်အမီ အပ်နှံနိုင်အောင် တည်ဆောက်သွားမှာပါ" ဟု အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

❂



# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အခြေခံစစ်ပညာသင်တန်း စက်ပစ်ကွင်းပစ်ခတ်စဉ် လက်တွေ့လေ့ကျင့်

**စစ်ကိုင်း မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံစစ်ပညာသင်တန်းအမှတ်စဉ်(၄၄/၂၀၁၆)၌ တက်ရောက်လျက်ရှိသည့် မူလတန်းဆရာအတတ်သင်(၃)နှစ်သင်တန်း အမှတ်စဉ်(၄၅) တတိယနှစ်မှ သင်တန်းသား သင်တန်းသူ ၁၀၅ ဦးနှင့် ပညာရေးဘွဲ့(၅)နှစ် သင်တန်းအမှတ်စဉ်(၁) စတုတ္ထနှစ်မှ သင်တန်းသား သင်တန်းသူ ၂၂၃ ဦး စုစုပေါင်း ၃၂၈ ဦးသည် ဒုတိယပါမောက္ခချုပ်(စီမံ)ဦးသိန်းဌေး ဦးစီးပြီး ယမန်နေ့က ရွှေဘိုမြို့ အမှတ်(၈)စစ်အခြေခံလေ့ကျင့်ရေးတပ်ရင်း စက်ပစ်ကွင်း၌ လက်နက်ငယ်လက်တွေ့ပစ်ခတ်မှုကို လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများသည် အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ တပ်စိတ်အလိုက် တိုက်စစ်သရုပ်ပြမှုကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ၃၂၈ ဦးသည် ဘီအေ(၆၃)မောင်းပြန်ရိုင်ဖယ် (ကိုက် ၁၀၀)ကျည်စုအမှတ်လိုက်နှင့် အမြန်ပစ်တို့ကို တစ်ဦးချင်းလက်တွေ့ပစ်ခတ်ကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းသားများ၏ လက်နက်ငယ်ပစ်ခတ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် သင်တန်းသူများသည် အမ်အေ(၁)(ကိုက် ၁၀၀)ကျည်စု အမှတ်လိုက်နှင့် အမြန်ပစ်တို့ကို တစ်ဦးချင်း လက်တွေ့ပစ်ခတ်ကြရာ ညနေ ၅ နာရီတွင် ပစ်ခတ်လေ့ကျင့်မှုကို ရပ်နားပြီး မတ် ၂၄ ရက်တွင် ဆက်လက်လေ့ကျင့်သွားမည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အခြေခံစစ်ပညာသင်တန်း အမှတ်စဉ်(၄၄/၂၀၁၆)ကို မတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ ယနေ့ပြုလုပ်သည့် စက်ပစ်ကွင်းပစ်ခတ်စဉ်သို့ ဒုတိယပါမောက္ခချုပ်(စီမံ)ဦးဆောင်လျက် အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်ရင်းမှ တပ်မှူးနှင့် သင်တန်းနည်းပြဆရာ ၁၉ ဦး၊ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ရွှေဘိုမြို့ အမှတ်(၈) စစ်အခြေခံ လေ့ကျင့်ရေးတပ်မှ တာဝန်ခံအရာရှိကြီးများ၊ စက်ပစ်ကွင်းနည်းပြများ လိုက်ပါကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကော့မှူးမြို့ ရေပေးရေးလုပ်ငန်းများပြီးစီးပြီဖြစ်၍ ဒေသခံများသောက်သုံးရေဖူလုံ

**ကော့မှူး မတ် ၂၄**

နွေရာသီတွင် သောက်သုံးရေရှားပါး ပြတ်လပ်မှုမရှိစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် MOON SUN Construction & Services ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လျက်ရှိသည့် ကော့မှူးမြို့ ရေပေးဝေရေးလုပ်ငန်းစီမံကိန်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကော့မှူးမြို့ ဘုရားလမ်းရပ်ကွက်အတွင်းရှိ ရေဂါလန် ၇၅၀၀၀ ဆံ့ သံကူကွန်ကရစ်ရေစုကန်အနီး၌ မတ် ၂၂ ရက် နံနက် ၈ နာရီခွဲက ကော့မှူးမြို့ ရေပေးဝေရေး အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့ ရေပေးဝေရေးလုပ်ငန်းစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၄၉ ဒသမ ၉၇၃ သန်းဖြင့် MOON SUN Construction & Services ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်ခဲ့သည့် ဘုရားလမ်းရပ်ကွက်ရှိ ရေဂါလန် ၇၅၀၀၀ ဆံ့ သံကူကွန်ကရစ် ရေစုကန်တစ်လုံးမှာ စတုရန်းပေ ပတ်လည် ၃၁ ပေ ၆ လက်မရှိပြီး အမြင့် ၁၂ ပေရှိကြောင်း သိရသည်။ **(ယာပုံ)** ပြည်တော်သာရပ်ကွက် မြို့နယ်ရဲစခန်းအနီးနှင့် မြို့သစ်ဆေးရုံအနီး၌လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၇ ဒသမ ၉၅၈ သန်းဖြင့် ရေဂါလန် ၁၂၀၀၀ ဆံ့ သံကူကွန်ကရစ် အမြင့်တင်ရေစင်သုံးစင် တည်ဆောက်ထားပြီး ရေစင်တစ်စင်လျှင် အလျား ၄၆ ပေ၊ အနံ ၂၅ ပေရှိကာ အမြင့် ၁၂ ပေရှိကြောင်း သိရသည်။

MOON SUN Construction & Services ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူတစ်ဦးက "ကော့မှူးမြို့ပေါ်မှာ ယခင်ကကန်ရေတွေကိုသာ အသုံးပြုရတာပါ။ နွေရောက်ပြီဆိုရင်လည်း သောက်သုံးရေအခက်အခဲဖြစ်ရပါတယ်။ နောက်ပိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ရေစင်များကို ထပ်ဆောက်လုပ်ပြီး ရေပေးဝေသွားမယ်လို့ သိရပါတယ်"ဟု ပြောသည်။

ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ၌ နေထိုင်သော ဒေသခံ ဦးစိုးမိုးနိုင်က "နတ်စင်ကုန်းကျေးရွာကတော့ တုံကင်နဲ့အသုံးပြုတဲ့ အဝီစိရေကိုအသုံးပြုနိုင်ကြလို့ အဆင်ပြေကြပါတယ်။ ဒါပေမယ့် ဒီလိုမြို့ပေါ်မှာ ရေစင်တွေဆောက်လုပ်ပေးလိုက်တာကတော့ ကော့မှူးမြို့အနီးက ရွာတွေဖြစ်တဲ့ ဇလုပ်ကြီး၊ မကျီးကန်ရွာအပါအဝင် အချို့ရွာတွေအတွက် သောက်သုံးရေအဆင်ပြေပါပြီ" ဟု ဆိုသည်။



ကော့မှူးမြို့ ရေပေးဝေရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှစတင်ခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၂၈ ရက်က ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း MOON SUN Construction & Services ကုမ္ပဏီလီမိတက်မှသိရပြီး ဒေသခံများအတွက် သောက်သုံးရေပူပင်စရာမလိုတော့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၄။** ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၁၆ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ၈ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ 'ဝ'ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

❒

## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်

# ယခုတစ်ပတ်တွင် ပြသဆဲမြန်မာဇာတ်ကားများနှင့် သည်းထိတ်ရင်ဖို ဂျာမန်ဇာတ်ကားသစ် ဆက်လက်ရှုစားကြရမည်




ကြေးမုံရုပ်ရှင်ချစ် ပရိသတ်ကြီးအတွက် ဒီတစ်ပတ် ရုပ်ရှင်အညွှန်းကဏ္ဍအတွက် ညွှန်းဆိုတင်ပြရရင်ဖြင့် ယခင်ပြသဆဲ ဇာတ်ကားများကိုသာ ညွှန်းဆိုရမှာဖြစ်ပါတယ်။

ယခင်ပြသနေဆဲ မင်းသမီးငါးဦး ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ကွက်ဘုရင်မဇာတ်ကားကို သွင်၊ မင်္ဂလာ(၁)၊ ရွှေဆောင်(၂)၊ မင်္ဂလာစံပြနဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ပြီးတော့ သမ္မတ၊ မင်္ဂလာ(၁)၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ယခင်တစ်ပတ်ကမှ စတင်ရုံတင်ပြသခဲ့တဲ့ ဒါရိုက်တာကိုဇော် (အရုဏ်ဦး)ရဲ့လက်ရာ လူးရတနာသိုက်ဇာတ်ကားတို့ကို ဆက်လက်ကြည့်ရှုနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် သည်းထိတ်ရင်ဖိုဇာတ်ကား ကြိုက်နှစ်သက်သူ ပရိသတ်ကြီးအတွက် ဖေ့ဘွတ်ခ်လူမှု ကွန်ရက်စာမျက်နှာကို နှစ်သက် ခုံမင်စွာ အသုံးပြုလေ့ရှိသည့် ကောင်မလေးတစ်ဦးနှင့် ဖေ့ဘွတ်ခ် အသုံးပြုရင်း အသက်အန္တရာယ်ကျရောက်လုနီးနီး ဖြစ်ခဲ့ရပုံများကို ရိုက်ကူး တင်ဆက်ထားတဲ့ FriendRequest လို့အမည်ရတဲ့ဂျာမန်သည်းထိတ်ရင်ဖိုဇာတ်ကားကို တော့ ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)နဲ့ မင်္ဂလာ ထွန်းသီရိရုပ်ရှင်ရုံတွေမှာ မတ် ၂၅ က စတင်ရုံတင်ပြသပေးသွားမှာပါ။ မင်္ဂလာ(၂)ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော် Cineplex နဲ့ မင်္ဂလာဒိုင်းမွန်း Cineplex တွေမှာတော့ မင်းသမီး အိန်ဂျလီနာဂျိုလီက နောက်ခံအသံသရုပ်ဆောင်အဖြစ်ပါဝင်ပေးထားတဲ့ ရင်သပ်ရှုမောဖွယ် အန်နီမေးရှင်းဇာတ်ကား Kung Fu Panda 3 ကို ကြည့်ရှုခံစားကြရမှာဖြစ်ပါ တယ်။ နေပြည်တော် Cineplex၊ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံနဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာတော့ ရှေးဟောင်းအီဂျစ်နတ်ဘုရားများ အကြောင်းကို ဒဏ္ဍာရီဆန်စွာ ပုံဖော်ထားတဲ့ Gods of Egypt ဇာတ်ကားကို ကြည့်ရှုနိုင်ကြမှာဖြစ်ပြီး နေပြည်တော် Cineplex မှာပဲ တေးသံရှင် ရှာကီရာက အသံသရုပ်ဆောင်အဖြစ်ပါဝင်ထားတဲ့ Zootopia အန်နီမေးရှင်း ဇာတ်ကားကိုလည်း ရုံတင်ပြပေးမှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

# တေးအယ်လ်ဘမ်သစ်အတွက် ပထမဦးဆုံးသောဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့တဲ့ "CNBLUE"

တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသားပေ့ါပ်တေးဂီတအဖွဲ့ " CNBLUE "ဟာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် "Blueming"အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ဓာတ်ပုံကို မတ် ၂၄ ရက်က ပထမဦးဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



အဆိုပါတေးဂီတအဖွဲ့က တေးအယ်လ်ဘမ်သစ်အတွက် ဒုတိယမြောက်ဓာတ်ပုံကို မတ် ၂၅ ရက်မှာ ထုတ်ဖော်ပြသပေးသွားမှာဖြစ်ပြီး တတိယမြောက်ဓာတ်ပုံကိုတော့ မတ် ၂၈ ရက်မှာ ပရိသတ်ရှေ့ အရောက်ပို့ဆောင်ပေးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အဆိုပါမီနီတေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတွေရဲ့အမည်စာရင်းကိုတော့ မတ် ၃၀ ရက်မှာ ထုတ်ဖော်ပြသသွားမှာဖြစ်ကာ ယင်းတေးအယ်လ်ဘမ်အတွက် တေးဗီဒီယိုနှစ်ခုကိုလည်း လာမယ့် မတ် ၃၁ ရက်နဲ့ ဧပြီ ၃ ရက်တွေမှာ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်အပြည့်အစုံကိုတော့ ဧပြီ ၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကာ ယင်းတေးအယ်လ်ဘမ်ဟာ " CNBLUE "ရဲ့ ခြောက်ခုမြောက်မီနီတေးအယ်လ်ဘမ်ဖြစ်ကြောင်း သိရပါတယ်။




အမေရိကန်လူမျိုး ရော့ခ်အဆိုတော်တစ်ဦးဖြစ်တဲ့ ဂွမ်စတက်ဖန်နီက သူ့ရဲ့ ချစ်သူ ကန်းထရီးအဆိုတော် ဘလိတ်ခ်ရှယ်လ်တန်ကို သူ့အိမ်မှာ ညစာဖိတ်ကျွေးရင်း လက်ထပ်ခွင့်ပါတောင်းဆိုခဲ့တယ်လို့ သူတို့နဲ့ရင်းနှီးသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ ဒီလိုတောင်းဆိုခဲ့မှုကို ဘလိတ်ခ်ရှယ်လ်တန်ကလည်း လက်ခံခဲ့တာမို့ သူတို့နှစ်ဦးရဲ့ မင်္ဂလာသတင်းဟာ ပိုမိုနီးစပ်လာခဲ့ပြီဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ထိုသို့စတက်ဖန်နီရဲ့ ရုတ်တရက် လက်ထပ်ခွင့်တောင်းဆိုမှုကြောင့် ရှယ်လ်တန်အနေနဲ့ ဖော်မပြနိုင်အောင်ဝမ်းသာခဲ့ကြောင်းလည်း သိရပါတယ်။ အသက် (၄၆)နှစ်အရွယ် စတက်ဖန်နီနဲ့ (၃၉) နှစ်အရွယ် ရှယ်လ်တန်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ နှစ်ကုန်ပိုင်းမှာ ချစ်သူတွေဖြစ်ခဲ့ကြပြီးတဲ့နောက် သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေကို ဟောလိဝုဒ်ရဲ့စာမျက်နှာတွေပေါ်မှာ အမြဲလိုတွေ့မြင်ခဲ့ရပါတယ်။ ချစ်သူသက်တမ်းတစ်လျှောက်မှာလည်း ရှယ်လ်တန်က စတက်ဖန်နီကို လက်ထပ်ခွင့်အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူးပေမယ့် လူအများရှေ့မှာ တရားဝင်တောင်းဆိုခဲ့တာမျိုးတော့ ယနေ့အချိန်အထိ မရှိသေးပါဘူး။

စတက်ဖန်နီက ခင်ပွန်းဟောင်းဖြစ်သူ ဂေ့ဗင်ရို့စ်ဒဲလ်နဲ့ ရင်သွေးနှစ်ဦးထွန်းကားခဲ့ပြီး လတ်တလောမှာ ခင်ပွန်းဟောင်းဖြစ်သူနဲ့ ကွာရှင်းဖို့ကြိုးစားနေပေမယ့် အပြီးသတ်ကွာရှင်းနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် ချစ်သူသစ်နဲ့မင်္ဂလာကိစ္စဟာ အချိန်အတိုင်းအတာတစ်ခုအထိတော့ နှောင့်နှေးနေဦးမှာဖြစ်ပါတယ်။

ဒါပေမယ့် လတ်တလောမှာ ပိုမိုခိုင်မာလာတဲ့ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့အတူ ဘလိတ်ခ်ရှယ်လ်တန်နဲ့စတက်ဖန်နီတို့ရဲ့ ဇာတ်လမ်းဟာလည်း စိတ်ဝင်စားစရာအပြည့်နဲ့ ဟောလိဝုဒ်ရဲ့ဇာတ်လမ်းတစ်ပုဒ်အဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅ - ၃ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆:၃၀ ပြည်သူ့နီတိ
"စေတနာ ရေစီးကမ်းပြို"
၆:၄၀ တေးဂီတအစီအစဉ်
၇:၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်သော ပုစ္ဆာ"
(အပိုင်း-၉)
၇:၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့အလှတရား"
(အပိုင်း-၉)
၈:၃၀ ကာတွန်းအစီအစဉ်
"BEN 10 ALIEN FORCE
(အပိုင်း-၁၉)"
၉:၀၀ တေးဂီတအစီအစဉ်
၉:၁၀ English Premier League
Review (အပိုင်း-၃)
၉:၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၅၀ ရွှေမန်းဇာတ်သဘင် (အပိုင်း-၂)
၁၀:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"လောကကြီးမှာ"
၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့စကားသံများ
၈:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉:၃၅ အနုပညာသတင်းအစီအစဉ်
၁၀:၃၅ မြန်မာ့ရုပ်မြင်သံကြား
လူငယ်အစီအစဉ်
၁၁:၁၅ Weekly Sport Info
၁၁:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြင့်မိုရ်မေမေ" (အပိုင်း-၁၉)
၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြစိမ်းရောင်သံစဉ်"(အပိုင်း-၂၉)
၂:၁၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၂)
၂:၄၅ မြန်မာဓလေ့ရိုးရာလက်ဝှေ့
(ရန်နိုင်အောင်နှင့် ဖျံသွေး)
၃:၃၅ "၂၀၁၆ ခုနှစ်၊ မတ်လအတွက်
မိုးလေဝသနှင့် ဇလဗေဒ
ခန့်မှန်းချက်များနှင့်
ကြိုတင်သတိပြုဖွယ်ရာများ"
(ဦးလှထွန်း၊ အိတျာမင်းမင်း)
၄:၁၅ "ညှိနှိုင်းဆောင်မှုသင်တန်းများမှ
သည်အလုပ်အကိုင်
အခွင့်အလမ်းများဆီသို့"
၄:၃၅ Football Magazine
(ရတနာပုံယူနိုက်တက်အသင်း)
၅:၁၅ Catch Asia News
၅:၃၅ Hyper Sport
၆:၃၅ The Farmer
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မြစိမ်းရောင်သံစဉ်"
(အပိုင်း-၃၀)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၈:၃၅ "Climate Change in Myanmar"
၉:၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မြင့်မိုရ်မေမေ" (အပိုင်း-၁၆)
-ချစ်သော၍ကမ္ဘာမြေ
-သမိုင်းကိုဖော်ပြသောဝါကျများ
(လူရွှင်တော်ကြီး ဦးတိမ်ညိုနှင့်
တွေ့ဆုံခြင်း)လ

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+
အာဋ္ဌာနာဋိယသုတ်
၅:၄၀ "မြတ်ဗုဒ္ဓ၏ တေဒဂ်ရ
သမီးတော်များ" တရားတော်
[ဆရာတော် အရှင်ပညာ
သီဟာဘိဝံသ(တရားဦးဓမ္မစကြာ)]
၈:၀၀ "မင်္ဂလာပါ" The Morning Show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၀ အနုပညာမိုးကောင်းကင်
၁၁:၂၅ Food & Decor
၁၁:၅၅ MRVT-4 Stage
၁၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ဓဝင်ကုန်သည်" (အပိုင်း-၄၁)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ"
(အပိုင်း-၄၈)
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၁၂)
၄:၀၅ Cartoon Series
(Welcome To Sky Ville)
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ်
(Enervon C Generation ၏
(၃)နှစ်ပြည့်နှစ်ပတ်လည်
အထိမ်းအမှတ်ပွဲ)
၅:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၁၃)
၇:၀၀ နေမဝင်ဆည်းဆာ
အနုပညာပွဲတော်(LIVE)
၁၀:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ဓဝင်ကုန်သည်"
(အပိုင်း-၄၂)
၁၀:၅၀ အနုပညာမိုးကောင်းကင်
၁၁:၁၀ MRTV-4 Stage
၁၁:၃၀ Food & Decor
၀၀:၅၅ World of Knowledge
(Family Combat :
One Shot One Kill)

### မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၄၀ မှတ်တမ်း
၆:၅၀ မြန်မာသံစဉ်ချိုနှားဝင်
၇:၂၅ အမျိုးသားရေးတေးကဗျာ
၇:၃၀ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၂၀ သူနှင့်သူ၏သီချင်းများ
၄:၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
၄:၂၅ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ လည်မယ် . . .
စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆:၃၀ " ရွှာ" ဟာသဇာတ်လမ်းတွဲ
[(အပိုင်း-၃၄၅)
ဒါရိုက်တာ-မိုးဇော်ကို]
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရွှေရောင်သက်တံများ
အပိုင်း(၄၂)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-(၇၁)နှစ်မြောက်တပ်မတော်နေ့
ဂုဏ်ပြုအစီအစဉ်
-အညတရမိုးကောင်းကင်
ဝေဠုကျော်၊ နေဒွေး၊ မိုးလရောင်၊
မေသဥ္ဇာဦး၊ဆောင်းဝတ်ရည်မေ
နှင့်သရုပ်ဆောင်များ
ဒါရိုက်တာ-တင်အောင်စိုး
(ပန်းမြို့တော်)

**အားကစား**

# ယူရို- ၂၀၁၆ပြိုင်ပွဲဝင် စပိန်အသင်းအတွက် အဓိကပြိုင်ဘက်မှာ ပြင်သစ်အသင်းဖြစ်

စပိန်လက်ရွေးစင်အသင်းနည်းပြ ဒယ်လ်ဘော့စကေးက ယူရို-၂၀၁၆ ပြိုင်ပွဲဝင် စပိန်အသင်းအတွက် အဓိက ပြိုင်ဘက်ဖြစ်လာမည့်အသင်းမှာ ယူရို-၂၀၁၆အိမ်ရှင် ပြင်သစ်လက်ရွေးစင်အသင်းပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ စပိန်အသင်းသည် ၂၀၀၈ခုနှစ်နှင့် ၂၀၁၂ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ယူရိုဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ပြီး လက်ရှိအနေအထားအရလည်း ဂျာမနီ၊ ပြင်သစ်တို့နှင့် အပြိုင်ဗိုလ်စွဲရန် ရေပန်းအစားဆုံးစာရင်းတွင် ပါဝင်နေသည်။လက်ရှိကမ္ဘာ့ချန်ပီယံဂျာမနီအသင်းမှာ ဗိုလ်စွဲရန် ရေပန်းစားနေသော်လည်း ပြင်သစ်၊ စပိန်တို့အား သိသိသာသာ အသာရခြင်းမရှိပေ။ ယူရိုပြိုင်ပွဲများကို ယခင်က ပြိုင်ပွဲဝင်အသင်း၁၆သင်းဖြင့်သာ ယှဉ်ပြိုင်ခဲ့သော်လည်း ယခုယူရို-၂၀၁၆မှစ၍ ၂၄သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဒယ်လ်ဘော့စကေးက ပြိုင်ပွဲဝင်အသင်းများပြားလာခြင်းက ဗိုလ်စွဲရန်ပိုမိုခက်ခဲလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ထို့ကြောင့် ပါဝင်ယှဉ်ပြိုင်မည့် အသင်းများအားလုံး အခွင့်အရေးဆတူရှိပြီး မည်သည့်အသင်းဗိုလ်စွဲမည်ဆိုသည်ကို ပြောရန် ခက်ခဲကြောင်း ဆိုခဲ့သည်။

"ပြိုင်ဘက်အသင်းတွေပိုမိုများလာသလို ရေပန်းအစားဆုံးအသင်းဆိုတာ မရှိပါဘူး။ ဒါပေမယ့် အားလုံးထဲက တစ်သင်းကို ရွေးချယ်ပြပါဆိုရင်တော့ ပြင်သစ်အသင်းပါပဲ။ ဗိုလ်စွဲနိုင်တယ်လို့ ထင်ကြေးပေးခံရတဲ့ အီတလီ၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီတို့အားလုံး ချန်ပီယံဖြစ်နိုင်ပါတယ်။ အီတလီအသင်းမှာ အန္တရာယ်ပေးနိုင်တဲ့ တိုက်စစ်မှူး မရှိပေမယ့် သူတို့ဟာ ကစားရတကယ်ခက်တဲ့အသင်းပါ"ဟု ဒယ်လ်ဘော့စကေးက အီတလီအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားရန် အီတလီမြေသို့ရောက်ရှိနေစဉ် ပြောကြားခဲ့သည်။ စပိန်အသင်းသည် လက်ရှိချန်ပီယံဖြစ်သကဲ့သို့ ယူရိုဖလားကိုနှစ်ကြိမ်ဆက်တိုက်ဗိုလ်စွဲနိုင်သည့် ပထမဦးဆုံးအသင်းလည်းဖြစ်သည်။ စပိန်နှင့် အီတလီအသင်းတို့သည် ယူရို-၂၀၁၂ ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ကြပြီး စပိန်အသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဒယ်လ်ဘော့စကေးသည် ယခင်က ယူရို-၂၀၁၆ပြိုင်ပွဲအပြီးတွင် စပိန်အသင်းနှင့် လမ်းခွဲသင့်ကြောင်း အကြံပေးမှုများရှိနေသော်လည်း စပိန်အသင်းအား ကာလကြာရှည်စွာ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်ပြီဖြစ် သည်။စပိန်အသင်းသည် ယူရို-၂၀၀၈၊ ယူရို-၂၀၁၂နှင့် ၂၀၁၀ ကမ္ဘာ့ဖလားတို့တွင် ချန်ပီယံအဖြစ် ဗိုလ်စွဲခဲ့သော်လည်း ၂၀၁၄ ကမ္ဘာ့ဖလားတွင် အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။



မေ လှဲ့ သင်း - ရေး သား သည်

## မြင့်မားသည့်ပြောင်းရွှေ့ကြေးဖိအားဒဏ်ကို မာရှယ်လ်ခံနေရဟု ဒီဒီယာဒက်ချမ့်စ်မှတ်ချက်ပြု

မန်ယူတောင်ပံတိုက်စစ်မှူး မာရှယ်လ်မှာ အရည်အသွေးရှိသည့် လူငယ်ကစားသမားဖြစ်သော်လည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးကြောင့် ဖိအားဒဏ်ပိုမိုခံနေရကြောင်း ပြင်သစ်အသင်းနည်းပြ ဒီဒီယာဒက်ချမ့်စ်က မှတ်ချက်ပြုလိုက်သည်။ အသက်(၂၀)နှစ်အရွယ်ရှိမာရှယ်လ်မှာ ရုရှား၊ နယ်သာလန် အသင်းတို့နှင့် ခြေစမ်းမည့် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရပြီး မန်ယူသို့ပြောင်းရွှေ့သွားပြီးနောက်ပိုင်း ပြင်သစ်အသင်းတွင် ပါဝင်ခွင့်ရရှိလာခဲ့သူဖြစ်သည်။ မာရှယ်လ်မှာ ပြီးခဲ့သည့် နွေဈေးကွက်ပိတ်သိမ်းခါနီး နောက်ဆုံးရက်တွင် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းမှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင်၃၆သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်ယူအတွက် သွင်းဂိုး ၁၂ ဂိုး သွင်းယူပေးထားနိုင်သည်။

ဒက်ချမ့်စ်က မာရှယ်လ်မှာ တစ်နေ့တခြား တိုးတက်လာနေပြီး လိုအပ်သည့် အဆင့်တစ်ခုသို့ရောက်ရှိရန် ဆက်လက်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ သို့သော် မြင့်မားသည့် ပြောင်းရွှေ့ကြေး၏ ဖိအားဒဏ်ကို ခံနေရကြောင်းဆိုခဲ့သည်။ထို့ပြင် ပြင်သစ်အသင်းတိုက်စစ်နေရာအတွက် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာအားပြန်လည်ခေါ်ယူသင့်သည်ဟု သုံးသပ်မှုများအပေါ် ဒက်ချမ့်စ်က ဆွေးနွေးရန် ငြင်းဆိုခဲ့ပြီး လက်ရှိ တိုက်စစ်ကစားသမားဖြစ်သည့် အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ကိုးမန်း၊ မန်ယူတိုက်စစ်မှူးမာရှယ်လ်၊ အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်တို့၏ အင်အားဖြင့်ပင် ယူရိုပြိုင်ပွဲဝင်ရောက်ရန် လုံလောက်ကြောင်း တုံ့ပြန်လိုက်သည်။

## ဘယ်လ်ဂျီယံတွင်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲအား ပေါ်တူဂီသို့ ပြောင်းရွှေ့ကစားစေမည်

မတ် ၂၂ရက်၌ဖြစ်ပွားခဲ့သည့် ဘရပ်ဆဲလ်မြို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဘယ်လ်ဂျီယံနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်မည့် ချစ်ကြည်ရေးခြေစမ်းပွဲကို ဘရပ်ဆဲလ်မြို့တွင် ကျင်းပမည့်အစား ပေါ်တူဂီနိုင်ငံမြို့တော်လေရီယာ သို့ ပြောင်းရွှေ့ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာလိုက်သည်။ ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်သည် လုံခြုံရေးအခြေအနေကြောင့် ကွင်းပြောင်းလဲကျင်းပပေးရန် တောင်းဆိုခဲ့ခြင်းကြောင့် ယခုကဲ့သို့ စီစဉ်ခဲ့ရခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းသည် လေ့ကျင့်ရေးအစီအစဉ်များကို ကင်းဘုဝမ်ကွင်း၌ ပြုလုပ်သွားမည်ဖြစ်ကာ ပြိုင်ပွဲကို ယခင်အစီအစဉ်အတိုင်း လာမည့် မတ် ၂၉ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

လူ ၁၃၀ သေဆုံးခဲ့သည့် ပဲရစ် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ဘရပ်ဆဲလ်တွင် ကျင်းပမည့် ဘယ်လ်ဂျီယံနှင့် စပိန်အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကိုလည်း ဖျက်သိမ်းခဲ့ရသေးသည်။ သို့သော် ဘရပ်ဆဲလ်မြို့နှင့် ၁၀၈မိုင်သာ ကွာဝေးသော အမ်စတာဒမ်မြို့တွင် နယ်သာလန်နှင့် ပြင်သစ်တို့၏ ခြေစမ်းပွဲကို ယခင်အစီအစဉ်အတိုင်းပင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ဥရောပအနောက်ပိုင်းနိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ခပ်စိပ်စိပ်ဖြစ်ပေါ်လာခြင်းကြောင့် ယူရို-၂၀၁၆ ပြိုင်ပွဲလုံခြုံရေးအခြေအနေအပေါ် အားလုံးက စိုးရိမ်မကင်းဖြစ်လာကြသော်လည်း ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)က ယူရို-၂၀၁၆ပြိုင်ပွဲတွင် ပရိသတ်မဲ့ ကွင်းပိတ်ကစားပွဲများ ကျင်းပရန် အစီအစဉ်မရှိကြောင်း ထပ်မံအတည်ပြုခဲ့သည်။



## မန်စီးတီးတောင်ပံကစားသမား စတာလင်း ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်အထိအနားယူရမည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ တောင်ပံကစားသမား စတာလင်းသည် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်အထိအနားယူရမည်ဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအတွင်း မန်စီးတီးအသင်းနှင့်အတူ ပြန်လည်ပါဝင်လာရန်ပင် မသေချာသည့် အနေအထားတွင်ရှိနေသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမား စတာလင်းသည် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် မန်ယူအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တောင်ပံကစားသမား စတာလင်းသည် ရရှိထားသည့်ဒဏ်ရာပြဿနာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ကစားမည့် မေ ၁၅ ရက်ပြီးမှသာ အသင်းနှင့်အတူ ပြန်လည်ပါဝင်လာဖွယ်ရှိနေပြီး ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲကစားမည့် မေ ၂၈ ရက်မတိုင်မီ ဒဏ်ရာပြဿနာပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် အင်္ဂလန်အသင်းနည်းပြ ရွှိုင်းဟော့ဂ်ဆန်က အဆိုပါတောင်ပံကစားသမား စတာလင်း၏ ဒဏ်ရာပြဿနာကို စောင့်ကြည့်နေပြီး ပြင်သစ်မြေတွင်ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ အမီအင်္ဂလန်အသင်းတွင် ပါဝင်လာနိုင်ရေးမျှော်လင့်ထားကြောင်းသိရသည်။

အင်္ဂလန်အသင်းသည် အဆိုပါယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ကစားသမားစာရင်းကို မေ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သော်လည်း နည်းပြရွှိုင်းဟော့ဂ်ဆန်ကမူ နောက်ဆုံးဆန်ခါတင် ကစားသမား ၂၃ ဦးစာရင်းကို မေလကုန်ပိုင်းရောက်မှသာ ထုတ်ပြန်မည်ဟု အဆိုပြုထားသည်။ မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် တောင်ပံကစားသမားစတာလင်းအပြင် ဂိုးသမားဂျိုးဟက်လည်း ဒဏ်ရာပြဿနာကြုံခဲ့ရပြီး ဂျိုးဟက်မှာ ရက်သတ္တနှစ်ပတ်ကြာမျှသာ အနားယူရမည်ဖြစ်သည်။

ငွေကြယ်

## ချီလီနီအားကိုက်ခဲ့ သည့်ပြစ်ဒဏ်က လွတ်လာသည့် ဆွာရက်ဇ် ဥရုဂွေးနှင့်အတူ ပါဝင်လာမည်



ဘရာဇီးမြေတွင် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချီလီနီအားကိုက်ခဲ့ခြင်းကြောင့် နိုင်ငံတကာ ပွဲစဉ်ကိုးပွဲ၊ ဘောလုံးနှင့် ဆက်စပ်သည့် ဆောင်ရွက်မှုများတွင် လေးလကြာအထိ ပြစ်ဒဏ်ကျခံခဲ့ရသည့် ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် ပြစ်ဒဏ်က လွတ်လာခဲ့ပြီဖြစ်သောကြောင့် ဥရုဂွေးအသင်းနှင့်အတူ ပြန်လည်ပါဝင်လာတော့မည်ဖြစ်သည်။

ဆွာရက်ဇ်သည် နိုင်ငံအသင်းအတွက် ကိုလံဘီယာအသင်းနှင့် ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပွဲစဉ် အပါအဝင် ရက်ပေါင်း ၆၄၀ ကြာ ပွဲထွက်မကစားနိုင်ခဲ့သည့်အပြင် ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲတစ်ခုလုံးနှင့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲလေးပွဲတွင်လည်း ဥရုဂွေးအသင်းတွင် မပါဝင်နိုင်ခဲ့ပေ။ သို့ရာတွင် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင်မူ ပါဝင်ကစားခွင့်ပြုထားသည်။

ချီလီနီအား ကိုက်ခဲ့ခြင်းကြောင့် လေးလကြာဘောလုံးကစားခွင့်ပိတ်ပင်ခံရခြင်းမှ လွတ်မြောက်လာခဲ့ချိန်တွင် ဘာစီလိုနာအသင်းနှင့် လာလီဂါ၊ ချန်ပီယံလိဂ်နှင့် စပိန်ကိုပါဒယ်ရေးဖလား စသည်ဖြင့် တစ်နှစ်တည်းဖလားသုံးလုံး ရယူပေးနိုင်ခဲ့သည့် ဆွာရက်ဇ်က ၎င်း၏ ကစားဟန်ကို ပြောင်းလဲမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ဘာစီလိုနာအသင်းအတွက် ၄၇ ပွဲတွင် ၄၆ ဂိုးသွင်းယူပေးထားသည်။

# လှိုင်လင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက်က မိုင်းပန်-မိုင်းတုံသွားကားလမ်း တာဆန်း ပူးပေါင်း စစ်ဆေးရေးစခန်းတွင် 4F/------ PARADO မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်မောင်း အိုင်ဗိုင်းယားအား သံလွင်မြစ်ကမ်းဘေးတွင် ဖမ်းဆီးရမိခဲ့ပြီး ယာဝါးပိုမှာ သံလွင်မြစ်အတွင်း ခုန်ချထွက်ပြေး သွားခဲ့သည်။

ထို့နောက် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ၄ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၁၉၉၆၀၀ တို့ကို သိမ်းဆည်းရမိသည်။


အိုင်ဗိုင်းယား(ခ)ချစ်သူအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မတ် ၂၀ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ တာဝါတိုင်အနီးတွင် လင်းအောင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၂၀၀၀၀ နှင့် ဘိန်းဆီခဲ ၂ ဒသမ ၈ ကီလိုတို့ကို လည်းကောင်း၊ မတ် ၂၁ ရက်က လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာသွားကားလမ်းမတွင် လောက်ဖင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

❐

# ကုက္ကိုပြင်လှဲရာမှ သစ်ပင်ပိ၍ လူတစ်ဦးသေဆုံး

**သုံးခွ မတ် ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကွဲတဲကုန်းကျေးရွာအုပ်စု သနပ်ကုန်းကျေးရွာ၌ မတ်၂၃ ရက် မွန်းတည့် ၁၂ နာရီက ကုက္ကိုပင်ခုတ်လှဲရာမှ သစ်ပင်ပိ၍ လူတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူမှာ ဦးမြဟန် (၄၈)နှစ်ဖြစ်ပြီး သနပ်ကုန်းကျေးရွာ ဦးတင်ဝင်း၏ နေအိမ်ဝင်းအတွင်း အမြင့် ၁၅ ပေ၊ လုံးပတ် ခြောက်ပေခန့်ရှိ ကုက္ကိုပင်အား ဦးမြဟန်နှင့် ဦးအောင်တို့က ခုတ်လှဲကြရာ ဦးမြဟန်မှာ သစ်ပင်အမြစ်မြေကြီးတွင်းတူးနေစဉ် သစ်ပင်မှာ လေပြင်းတိုက်ခတ်သဖြင့် လဲကျခဲ့ရာ သစ်ပင်ပိ၍ သေဆုံးသွားကြောင်း ဦးအောင်နှင့် အိမ်ရှင်ဖြစ်သူ ဦးတင်ဝင်းတို့၏ ပြောပြချက်အရ သိရသည်။

သေဆုံးသူအား တာဝန်ရှိသူများက စစ်ဆေးကြည့်ရာ ဝမ်းဗိုက်ညိုမည်းဒဏ်ရာနှင့်ယာလက်မောင်းပွန်းပဲ့ဒဏ်ရာ၊ ညာဘက်ပေါင်ပွန်းပဲ့ဒဏ်ရာများ ရရှိကာ သေဆုံးနေသည်ကိုတွေ့ရသဖြင့် သုံးခွမြို့မရဲစခန်းက အမှုဖွင့်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးအရေးယူထားကြောင်း သိရသည်။

**(ကြည်စိုးလွင်-သုံးခွ)**

# ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေးသစ်ပင်အားဝင်တိုက်

**နေပြည်တော် မတ် ၂၄**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် စမ်းမကြီးကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၂၂၀/၆-၇)ကြားတွင် မတ် ၂၂ ရက် နံနက် ၇ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကားလမ်းအတိုင်း မြန်အောင်ဘက်မှ ပဒါန်းဘက်သို့ မြန်အောင်မြို့ အမှတ်(၂) ရပ်ကွက်နေ သန်းထိုက်ဦး(၃၈) နှစ်မောင်းနှင်လာသော 8J/---- HIACE ခဲရောင် ဘုရားဖူးယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ရှားပင်အား ဝင်ရောက်တိုက်မိရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၀ ဦးအနက် မြန်အောင်မြို့ အမှတ်(၅) ရပ်ကွက်နေ မသွယ်လင်းနိုင်(၁၈)နှစ်ပါ နှစ်ဦးတို့တွင် ဒဏ်ရာများအသီးသီး ရရှိခဲ့သဖြင့် ယာဉ်မောင်း သန်းထိုက်ဦးအား မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဘုရားကြီးမြို့အနီး ယာဉ်များဆင့်တိုက်မိသဖြင့် လေးဦးသေ၊ ငါးဦးဒဏ်ရာရ

**ဘုရားကြီး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့အနီး ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၅၇/၀-၁)အကြားတွင် မတ် ၂၃ ရက် နံနက် ၅ နာရီခွဲခန့်က မန္တလေးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ယာဉ်မောင်း မျိုးနိုင်ထွန်း စဉ့်ကိုင်မြို့နေသူ မောင်းနှင်လာသည့် 6I/---- ဟီးနိုး ၁၂ ဘီး အဖြူရောင်ယာဉ်သည် လားရာတူအရပ်မှ ရပ်တန့်ထားသည့် သက်ညီညီ (၁၆)နှစ် မြို့မ(၅)ရပ်ကွက် ညောင်လေးပင်မြို့နေသူ မောင်းနှင် သည့် 8A/---- ဟီးနိုးခြောက်ဘီး အပြာရောင်မော်တော်ယာဉ် အား အရှိန်ပြင်းစွာဝင်တိုက်မိသဖြင့် ယာဉ်မောင်း မျိုးနိုင်ထွန်း၊ ၁၂ ဘီးယာဉ်နှင့် လိုက်ပါလာသူ မအေးအေးခိုင်နှင့် ခြောက်ဘီးယာဉ်နောက်လိုက် မျိုးဇော်ထိုက်တို့သုံးဦးမှာ နေရာတွင် သေဆုံးခဲ့သည်။ ၁၂ ဘီး ယာဉ်နောက် လိုက် ချမ်းသာအောင် မြစ်သားမြို့နေသူ အပါအဝင် မဟေမာန်ဦး (၈)နှစ်၊ မောင်နိုင်မြင့်မြတ် (၅) နှစ်နှင့် ခြောက်ဘီးယာဉ်မောင်း သက်ညီညီတို့ လေးဦးမှာ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် ပဲခူးဆေးရုံကြီးတွင် တင်ပို့ကုသ၍ ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့နေစဉ် လမ်း၏ ညာဘက်တွင် ရပ်တန့်ထားသည် 6k/---- ဟွန်ဒိုင်း ၁၂ ဘီး အဖြူရောင်ယာဉ်၊ 5D/ ---- နီဆန်း ၁၂ ဘီး အဖြူရောင်ယာဉ်၊ 4J/---- ဟွန်ဒါဖစ်အပြာရောင်ယာဉ်နှင့် 1H/--- Wish အဖြူရောင်ယာဉ်တို့နောက်မှ ဦးကျော်သန်း(၅၀)နှစ် အမှတ်(၂) ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်သော 5H/---- ဖူဆို ၁၂ ဘီး အပြာရောင်ယာဉ်မှ အရှိန်ပြင်းစွာ မောင်းနှင်လာပြီး Wish အဖြူရောင်ယာဉ်အား တိုက်မိခဲ့ရာမှ တစ်ဆင့် မော်တော်ယာဉ်ငါးစီး ဆင့်ကဲတိုက်မိကြသည်။

ယင်းသို့ ယာဉ်ငါးစီးဆင့်ကဲတိုက်မှုကြောင့် 4J/---ဟွန်ဒါဖစ်အပြာရောင် မော်တော်ယာဉ်မှ ယာဉ်မောင်းသန်းနိုင်ထူးမှာ နေရာတွင် သေဆုံးပြီး ယာဉ်ရှေ့ခန်းတွင် လိုက်ပါလာသူ စိန်လွန်းမောင်မှာ ၁၂ ဘီးယာဉ်၏ အောက်ထဲတွင် ညပ်နေသဖြင့် ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနီးရှိပြည်သူများ ဝိုင်းဝန်းကူညီကြရာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သီဟရာဇာ(ဘုရားကြီး)**

❐

## ပျောက်ဆုံးခြင်း

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ ကော့လှိုင်းကျေးရွာအုပ်စု၊ မရမ်းအူကွင်းရွာကျောင်းတိုက်မှ ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တမလဝံသ၏ နိုင်ငံကူးလက်မှတ် (MA-727619) ပျောက်ဆုံးသွားပါကြောင်း။ **ဘဒ္ဒန္တမလဝံသ**

လူသားသန်း(၇၀၀၀)ကျော်ကိုယ်စားပြု နက္ခတ်ဗေဒင်
ကာ့ဇေ့ဖြိုး ဗေဒင်ဟောစာတမ်းများ အိမ်အရောက်ပို့သည်
၀၉၃၂၂၄၂၅၁၇၊ ၀၉၄၄၈၀၁၄၄၉၃ ၅၀၀၀ကျပ်

## ရွှေမင်းကံဆရာတော် တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ တံတားလေးလမ်းဝရှိ သာသနာရေးဝန်ကြီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်၌ ၃၀-၃-၂၀၁၆ရက်မှ ၃-၄-၂၀၁၆ရက်အထိ(၅)ရက် မီးငြိမ်းအထူးစခန်းပွဲကို မွန်းလွဲ ၁နာရီမှ ညနေ ၅ နာရီ အထိ မည်သူမဆို နာကြားအားထုတ်နိုင်ပြီး သင်္ကြန်တွင်း(၇) ရက်တရားစခန်းပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ သြဇာလမ်းရှိ ရွှေမင်းကံ မိုးကုတ်ဓမ္မရိပ်သာတွင် ၁၁-၄-၂၀၁၆ရက်မှ ၁၇-၄-၂၀၁၆ရက်အထိ ပဋ္ဌိစ္စသမုပ္ပါဒ်၊ ဒိဋ္ဌိဖြုတ်အလုပ်စဉ်၊ သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် ကြိုတင်ဆက်သွယ်၍ ၁၀-၄-၂၀၁၆ရက်၊ ညနေအရောက်လာရမည်ဖြစ်ပါသည်။

**ဖုန်း-၀၉-၄၂၀၀၅၃၆၈၈၊ ၀၉-၇၉၅၅၈၂၃၀၁**

ဘေးရန်ကာဆီးမည်.. နဂါးနီ ဘရိတ်ဓါးသွားကြီးတစ်ခြင်ရေး

| အမျိုးအစား | အခွေလွတ်(၁၂-ကလစ်) | တပ်ဆင်ပြီးဈေး |
| --- | --- | --- |
| ဂါဗာနိက် | ၅၀၀၀ ကျပ် | ၉၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး ➡ တိုင်၊ တန်း၊ ပစ္စည်းပိုး၊ တပ်ဆင်ခနှင့် သယ်ယူစရိတ်အားလုံးပါဝင်ပြီးဖြစ်သည်။
မတ်လ ၂၅ မှ ဧပြီ ၈ ရက်အတွင်းအထူး ၁၀% လျှော့မည်။
Ph:01 450 783, 09 79 656 9001, 09 79 656 9002

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးခင်ဝင်း (ဥက္ကဋ္ဌ၊ စိန်ရွှေထိပ်တန်းကုမ္ပဏီ)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးမှ ချီးမြှင့်သော သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ကိုရရှိပါသောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုး၊ ဘာသာအကျိုး ဆထက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း**
**စက်မှုဝန်ကြီးဌာန**

## Y.P.M.P Education Centre

၄တန်းမှ ၁၀တန်းအထိ ဘာသာစုံ အိမ်လိုက်သင်ကြားပေးသော ပညာရေးဝန်ဆောင်မှု
ရန်ကုန်
ဖုန်း -၀၉ ၇၇၈၈၃၈၅၈၄

## "DOOSAN"

ရောင်းရန်ရှိသည်
အသစ်နီးပါးကဲ့သို့ကောင်းသော "DOOSAN Excavator-DX-225LCA"
(၁၀) စီး ရောင်းရန်ရှိသည်။
စုံစမ်းရန်ဖုန်း- ၀၉ ၂၆၁၉၀၁၂၀၂

# Fashion Euphoria ၏ အထူးဈေးရောင်းပွဲ

## 20% to 80%

Fashion Euphoria၏ အထူးဈေးရောင်းပွဲကို ၂၆-၃-၂၀၁၆ရက်မှ ၂၈-၃-၂၀၁၆ရက်အထိ အမှန်အကန် အံ့သြဖွယ်ရောင်းချပေးမည်ဖြစ်ပါသည်။ စိတ်ကြိုက်ဝယ်ယူအားပေးနိုင်ပါကြောင်းနှင့် ဝယ်ယူအားပေးကြသော မိတ်ဆွေအပေါင်း ကျေနပ်နှစ်သက်နိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အချိန် - နံနက် ၉နာရီမှ ညနေ ၆နာရီအထိ**
**ဆက်သွယ်ရန်ဖုန်း - ၀၁-၅၇၀၀၂၁၊ ၀၉-၃၃၄၇၉၀၄၂**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေး လျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

### သဘော်တန်း

အကွက်(၁၉၇)၊ (၁၉၈)မှာ နဘဲကြူးရပ်ဖြစ်သည်။ တောင်ဘက် ၂၆ လမ်းမျက်နှာစာတွင် ဆင်တဲတိုက်သစ်၊ ဆင်တဲတိုက်ဟောင်းများရှိသည်။ မဟာလေကမာရဇိန် ဘုရားတည်ရှိသည်။ နဘဲကြူးရပ် စာကြည့်အသင်းမှာ ထင်ရှားသည်။ နဘဲကြူးရပ်ဟုခေါ်ခြင်းမှာ မြင်းမူ နဘဲကြူး ရွာဇာတိများ နေထိုင်ရာ အရပ်ဖြစ်၍ အမည်တွင် လာခြင်း ဖြစ်သည်။ အကွက် (၁၉၀) မှာ အင်းဘဲကွက်သစ် ဖြစ်သည်။ ယခုအခါ အမည်သာကျန်ရစ် ပြီး မီးလောင်ပြီး နောက် မြေနေရာများညှိကာ ခေတ်မီမြို့ပြ ဖွံ့ဖြိုးရေး စီမံကိန်း၊ မီးဘေးကာကွယ်ရေးစီမံကိန်းတို့ဖြင့် တဲပေါ်က လူတိုက်ပေါ်တင် စီမံချက် ခေတ်မီအိမ်ရာစခန်း လူနေ တိုက်ခန်းများ ဖြစ်လာသည်။

အကွက် (၁၉၂) မှာ သီရိမင်္ဂလာတိုက်တန်းများ ဖြစ်သည်။ အကွက်(၁၉၅)မှာ သီရိမန္တလာ အဝေးပြေးကား ဂိတ်များ ဖြစ်သည်။ မြောက်ဘက်တွင် သီရိမန္တလာဈေးကြီး နှင့် အနောက်ဘက်တွင် အောင်မြေ မန္တလာအားကစား ကွင်းတည်ရှိသည်။ ၈၉ လမ်းတစ်လျှောက် ၂၆ လမ်းထိ (၁၉၆)၊ (၁၉၉)၊(၂၀၀) ကွက်များကို သဘော်တန်းဟုခေါ် သည်။ မြန်မာမင်းလက်ထက်တော်အခါက သဘော် အမှုထမ်းများ နေထိုင်ရာအရပ်ဖြစ်သည်။ ရှေးက သဘော်များပင် ဆိုက်ကပ်ခဲ့ကြသည်ဟု အဆိုရှိသည်။ ယခုဆိုင်းတန်းရဲစခန်း၏ မြောက်ဘက်ဝင်းမှာ နေရှင် နယ်ဝင်းဟုခေါ်သည်။ ၁၉၂၀ ခုနှစ်က အမျိုးသားကျောင်း ဖွင့်ခဲ့သေးသည်။

အကွက် (၂၀၄)မှ (၂၀၆)ထိ အကွက်များမှာ ပုဏ္ဏား ကုန်းရပ်ဖြစ်သည်။ ယခုလူနေတိုက်ခန်းများဖြစ်လာ သည်။ အကွက်(၂၀၇) မှာ အလယ်ဘောင်ရပ်၊ အကွက် (၂၀၈) မှာ ရွှေလောင်းကြီးရပ်၊ ရွှေလောင်းကြီးဝင်းနှင့် အကွက်(၂၀၉)မှာ အလယ်ဘောင်တောင်ရပ်ဖြစ်သည်။ အကွက်( ၂၁၁) မှာလှည်းတန်း၊ အကွက်(၂၁၂)မှာ ရွှေလောင်းညွှန့်ရပ်ဖြစ်သည်။ ရွှေလောင်းလှေသမားများ နေထိုင်ရာဝင်းဖြစ်ရာ လှေအမည်အစုအဖွဲ့ကိုစွဲ၍ ရွှေလောင်းညွှန့်ရပ်ဟုခေါ်သည်။ သက္ကရာဇ် ၁၂၇၆ ခုနှစ်က ရွှေလောင်းပဲ့နင်းကြီးက ချမ်းသာကြီးဘုရား အုတ်စောင်းတန်း ပြုလုပ်လှူဒါန်းခဲ့သည့်စာတန်း တွေ့ရှိရသည်။

အကွက်( ၂၁၆) မှ ရွှေလှေစုရပ်မှာလည်း လှေလှော် သားများ နေထိုင်ကြရာအရပ်ဖြစ်သည်။ မြောက်ဘက် တွင် သင်္ဂဇာချောင်းကြီး တည်ရှိသည်။ ချမ်းသာကြီး ဘုရားနှင့် ရွှေလောင်းရပ်၊ အလယ်ဘောင်ရပ်ကွက်များသို့ ပြည်သူများ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရန် ၂၂ လမ်း(ပင်းယလမ်း) နှင့် အလယ်ဘောင်သစ်သား တံတားကြီး တည်ဆောက်ထားရာ ရေလယ်ဇရပ်နှင့် ယနေ့ တိုင် မပျက်မစီးရှိနေပြီး သွားလာကူးသန်းနိုင်ကြသည်။ သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် ဦးကောင်း၊ ဒေါ်ညွှာတို့က သင်္ဂဇာချောင်းကူး သစ်သားတံတားကြီး ဆောက်လုပ်ခဲ့ သည်။ ပျက်စီးယိုယွင်းနေသဖြင့် ၁၃၅၂ ခုနှစ်တွင် အများ ပြည်သူ စုပေါင်းပြုပြင်ခဲ့သည်။

ပွဲကုန်းရပ်တွင် သာသနာရေး ထင်ရှားမှုများအနက် ချမ်းသာကြီး ဆန်လှူအသင်းတည်ရှိသည်။ နှစ်စဉ် ဝါဆို လပြည့်ကျော် ၈ ရက်နေ့တွင် လေးပြင်လေးရပ် ကျောင်း တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်လောင်းလှူ သည်။ ၁၃၄၀ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ရာ ဥက္ကဋ္ဌ ဦးဒွေးဖြစ်သည်။ ပွဲကုန်းရပ် ထင်ရှားသော ပုဂ္ဂိုလ်များ အနက် သစ်စက်ပိုင်များအပြင် စာပေပညာရှင်များထဲ မှ ပွဲကုန်းအကွက် (၂၀၁) ရပ်ကွက်နေ ဆရာဦးမောင် မောင်တင်(မဟာဝိဇ္ဇာ)၊ မြန်မာ့သမိုင်းအဖွဲ့ဝင် နေထိုင်ပြီး ရှေးဟောင်းပေ၊ ပုရပိုက်များ၊ စာအုပ်စာတမ်းများကို စုစည်း၍ စာကြည့်တိုက်၊ ပြတိုက်တည်ဆောက်ထား သည်။

### ချမ်းအေးသာစံမြို့နယ်

ယခင်အရှေ့မြောက်မြို့နယ် ယခုချမ်းအေးသာစံ မြို့နယ်သည် အောင်မြေသာစံမြို့နယ်၏ တောင်ဘက် ၂၆လမ်းနှင့် ၃၅လမ်းအတွင်း ရပ်ကွက်များကို အရှေ့ အနောက်ပိုင်းခြားထား၏။ မြို့လယ်ပတ်ကားရပ်ကွက်များ ရှိသည့် မြို့နယ်လည်းဖြစ်၏။ လူနေတိုက်တာစိပ်၏။ ဘူတာကြီး၊ ဈေးချိုတော်ကြီးပါဝင်၏။ DOWN TOWN ဧရိယာရပ်ကွက်များပါသည့် မြို့နယ်ဖြစ်၏။

ချမ်းအေးသာစံမြို့နယ်သည် အရှေ့အောင်ပင်လယ်၊ ကန်ကောက်ကစ၍ အနောက်ဧရာဝတီ၊ ထင်းဝင်း၊ မရမ်းခြံဆိပ်ထိ ပါလျက်ရှိ၏။ ရပ်ကွက်ကြီးများလည်း (၂၀) တိတိရှိ၏။ ဘူတာကြီးအရှေ့ဘက်ပိုင်း ရပ်ကွက်များမှာ ဟေမာဇလ၊ ကဥ္စဏမဟီ၊ မောရဂီဝ၊ စိတ္တရမဟီ၊ ပါတ်ကုန်း ဝန်းကျင်၊ ပတ်ကုန်းပျော်ဘွယ်၊ ရန်မျိုးလုံ၊ ပြည်ကြီးမျက်မှန်၊ ပြည်ကြီးမျက်ရှင်၊ ကန်ကောက်ရပ်ကွက်များဖြစ်၏။ ဘူတာကြီးအနောက်ဘက်ပိုင်း ရပ်ကွက်များတွင် ချမ်းအေးသာစံအရှေ့၊ ချမ်းအေးသာစံအလယ်၊ ချမ်းအေး သာစံအနောက်၊ အောင်နန်းရိပ်သာအရှေ့၊ အောင်နန်း ရိပ်သာအနောက်၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ ပြည်ကြီး ပျော်ဘွယ်အနောက်၊ သီရိဟေမာအရှေ့၊ သီရိဟေမာ အနောက်၊ ဒေးဝန်းအနောက်ရပ်ကွက်များဖြစ်၏။

သီရိဟေမာအနောက်ရပ်ကွက်တွင် အကွက်ပေါင်း ၁၆ကွက်ရှိသည်။ သီရိဟေမာ၏ အဓိပ္ပာယ်သည် သီရိ ကျက်သရေရှိသော၊ ဟေမာ-ရွှေ၊ ရွှေကဲ့သို့ အဖိုးတန်သော အရပ်ဖြစ်သည်ဟုလည်း အဓိပ္ပာယ်ရှိရှိဖွင့်ဆိုနိုင်သည်။ သုတိသာယာနာပျော်ဘွယ် မှည့်ခေါ်ခြင်းဖြစ်သည်။

> **ဆုတောင်းပြည့်ချမ်းသာရဘုရားသည် ထုံးကုန်း ထန်းမြင့်ရပ်ကွက်တွင် တည်ရှိသည်။ ရှေးအစဉ်အလာအရ သီရိဓမ္မာသောကမင်းကြီး တည်ထားသည်ဟု ယုံကြည်ကြသည်။**
>
> **ရှေးပုဂံခေတ်က ကုန်းဘောင်ခေတ်တိုင် ရှေးမြို့တော်ကြီးများတွင် ချမ်းသာကြီး၊ ချမ်းသာရစေတီများ တည်လေ့ရှိသည်။**

သီရိဟေမာအနောက်ရပ်ကွက်ထဲတွင် ချမ်းသာရဘုရား နှင့် ခင်မကန်တိုက်၊ ငါးဆူတိုက်၊ စကုတိုက်၊ မေဃဝတီ တောင်သမန်တိုက်ကြီးများ ပါဝင်သည်။

အကွက် (၂၂၄) တွင် ကမ်းနားလမ်း မြို့တော်ဥယျာဉ်၊ ဘီအိုစီကွက်သစ်၊ ထန်းတောကွက်၊ ရွှေလရောင်စက်ဝင်း၊ အကွက် (၂၂၅)တွင် ဖို့ကုန်းသင်္ဂဇာချောင်းအနောက်ဘက် အကွက်များပါဝင်ကြ၏။ အကွက်(၂၂၆) ပိုက်ကျုံးကွေ့ ရပ်ကွက်ဖြစ်၏။ အကွက် (၂၂၇)မှာ ၂၆လမ်း၊ ပွဲကုန်း အနောက်ရပ်ဖြစ်သည်။ ဆိပ်ကမ်းအနီး ပွဲစားကုန်သည် များ ပေါများသော ရပ်ကွက်ဖြစ်၏။ အကွက် (၂၂၈)မှ (၂၃၁)ထိ ရပ်ကွက်များမှာ ပလိုင်းရပ်ကွက်ကြီးထဲ ပါဝင် လျက်ရှိသည်။ ထင်ရှားသော နာမည်များအနက် ထန်းမြင့် ရပ်အကွက် (၂၃၁) တွင် ရွှေမန်းတင်မောင် နေထိုင်ခဲ့ရာ အရပ် ဖြစ်သည်။ သီချင်းရေးဆရာ ဆရာထာမှာ အကွက် (၂၃၆) ချမ်းသာရထုံးကုန်းရပ်တွင် နေထိုင်ခဲ့သည်။ ပလိုင်း ရပ်တွင် အဆိုတော်ဒေါ်စိမ်းစိမ်းနှင့် ချမ်းသာရထုံးကုန်း တွင် နိုင်ငံကျော် ရွှာစားစိန်ဗေဒါကြီး၏ တပည့်သား ဆိုင်းဆရာ နိုင်ငံကျော် စိန်မောင်ကိုကြီး နေထိုင်ရာ အရပ်ဖြစ်သည်။

### ပလိုင်းလက်စွဲ

ပလိုင်းလက်စွဲအမည်မှာ မြန်မာမင်းလက်ထက် နန်းတွင်းအမှုထမ်းတစ်မျိုးကို ဆိုလိုခြင်းဖြစ်သည်။ သီပေါမင်းလက် ထက်တွင် ပလိုင်းလက်စွဲ (၇၁)တို့မှာ လစာတော်ငွေ (၁၆၄၀)ကျပ် အသနားခံရသည်။ သေနတ် ပစ်ကျွမ်းကျင်သူများကို ဆိုလိုခြင်းဖြစ်သည်။ ရှေးဘေး လောင်းတော်၊ ဘိုးလောင်းတော်တို့ လက်ထက်မှစ၍ ရွှေနန်းတော်တွင် သေနတ်လက်ကောင်းများကို ကတ္တီပါ ရွှေဇာသတ်အကျီဝတ် ခဲယမ်းအိတ်၊ ကတ္တီပါနှင့် အိပ်ဖန် ဝင်ရောက်ထမ်းရွက်ရသည်။ ရှေးအခါ ကဘိကျပ် လက်စွဲ၊ နောက်ပလိုင်းလက်စွဲဟူ၍ အမည်တွင်သည်။ ပလိုင်းရပ်ကွက်ကြီးတွင် ပလိုင်းဓမ္မာရုံမှာ ရပ်ကွက် အလယ်တွင် ထည်ထည်ဝါဝါရှိသည်။ ပလိုင်းရပ်နှင့် ချမ်းသာရထုံးကုန်းတောင်ပိုင်း၊ မြောက်ပိုင်းတို့မှ အရုဏ် တော်အသင်းကြီးများလည်း တည်ထောင်ခဲ့ကြသည်။ တောင်ပိုင်းရပ်မှ အောင်ဇေယျဗုဒ္ဓသုခ အရုဏ်တော်ဝတ် အသင်းနှင့် ချမ်းသာရထုံးကုန်းဓမ္မစကြာ အမျိုးသမီး ဝတ်အသင်းတို့မှာ မန္တလေး၌ ရှေးကျသော ဝတ်အသင်း ကြီးများဖြစ်သည်။

### ငါးဆူတိုက်

ချမ်းသာရဘုရားမြောက်ဘက် စကုတိုက်အနောက် ဘက်တွင် ငါးဆူတိုက်ရှိသည်။ မန္တလေးမြို့ရှိ ကျောင်း တိုက်ကြီးများတွင် ရှေးကျသော ကျောင်းတိုက်တစ်ခုဖြစ် သည်။ မန္တလေးမြို့သက်တမ်းထက်ကြီးသော အုတ် ကျောင်းတစ်ကျောင်းလည်းရှိသည်။ ဘုရားငါးဆူမှာ ကျောင်းတိုက်အတွင်း တောင်မြောက်တန်းလျက် တည်ထားသည်။ ၁၂၄၁ ခုနှစ် သီပေါမင်းနန်းတက်ခါစ မန္တလေးမြို့ပေါ်ရှိ ရှေးဟောင်းဘုရားစေတီ (၆၉)ဆူကို ရွှေနန်းတော်မှ အမြောက်သံကြားသည်နှင့် ပြုပြင်မွမ်းမံ သည့် ဘုရားများတွင် ပါဝင်သည်။ မဟာမင်းကျော်ရာဇာ ကြီးကြပ်ပြင်ဆင်သည်။ ရှေးမင်းတို့ တည်ထားကိုးကွယ် သော ချမ်းသာရထုံးကုန်းမှ ဘုရားငါးဆူကို အကြောင်းပြု ၍ ငါးဆူတိုက်ဟုတွင်သည်။ စကုတိုက်၊ ခင်မကန်တိုက်မ တို့မှာ မန္တလေးတည်ပြီးနောက် အကွက်ချတည်ထားခဲ့ သော အနောက်ပြင်ကျောင်းတိုက်ကြီးများ ဖြစ်သည်။

ဆုတောင်းပြည့်ချမ်းသာရဘုရားသည် ထုံးကုန်း ထန်းမြင့်ရပ်ကွက်တွင် တည်ရှိသည်။ ရှေးအစဉ်အလာ အရ သီရိ ဓမ္မာသောကမင်းကြီး တည်ထားသည်ဟု ယုံ ကြည်ကြသည်။ ရှေးပုဂံခေတ်က ကုန်းဘောင်ခေတ် တိုင် ရှေးမြို့တော်ကြီးများတွင် ချမ်းသာကြီး၊ ချမ်းသာရ စေတီများ တည်လေ့ရှိသည်။

ချမ်းသာရစေတီတော်သည် အင်းဝခေတ် ပြည်စုန် မင်းမဟာသူရ ရတနာမဥ္ဇူဘုရားကို စတင်တည်ထောင် တော်မူစဉ်က ချမ်းသာကြီး၊ ချမ်းသာရဘုရားတို့ကို လည်း ကောင်းမှုပြုဟန်ရှိသည်။ ၁၂၀၆ ခုနှစ် သီတင်းကျွတ်လတွင် ခမည်းတော် အိမ်ရှေ့မင်း၏ ကောင်းမှုဖြစ်တော်မူသော ချမ်းသာရစေတီတော် ကြီးကို ပြုပြင်မွမ်းမံရန် ပန်းပဲအတွင်းဝန်မင်းကြီး မဟာမင်းလှကျော်သူကို တာဝန်ပေးအပ်ခဲ့သည်။

ချမ်းသာရထုံးကုန်း အကွက်(၂၃၄) တွင် ယခင်က ကျောက်ဆစ်တန်းဈေးခေါ် သမီးတော်ဈေးဟူ၍ ဈေး တည်ရှိခဲ့သည်။ ယခု ယာဉ်ရဲတပ်ဖွဲ့ရုံးနေရာ ဖြစ်သည်။ အရှေ့ဘက်တွင် ကျောက်ဆစ်တန်း မီးသတ်တည်ရှိသည်။ ထိုရပ်ကွက်၌ ရှေးအခေါ် ရပ်ကွက်အမည်တစ်ခုဖြစ် သည့်မြင်းမိုရ်ကုန်းခေါ် မြင်းမော့ကုန်းအရပ်မှာ နာမည် ပျောက်သလောက် ရှိနေသည်။ သင်္ဂဇာချောင်း အရှေ့ ဘက်ရပ်ကွက်ဖြစ်သည့် ပလိုင်း၊ ထုံးကုန်း၊ ထန်းမြင့် ရပ်ကွက်များသည် လူနေအိမ်ခြေထူထပ်လှသော ရပ်ကွက်များဖြစ်၏။ ချမ်းသာရဘုရားနှင့် အနောက် ဘက် ကမ်းနားလမ်းကူးရန် သင်္ဂဇာချောင်းကို ဖြတ်၍ သစ်သားတံတားကြီးတည်ဆောက်ခဲ့ရာ နှစ်ပေါင်း (၁၀၀) ကျော် တံတားကြီးအဖြစ် ထင်ရှားသည်။ ယခု နောက်ပိုင်း တွင် ထပ်မံပြုပြင်ခဲ့ရာ မန္တလေးမြို့ပေါ်မှ ထင်ရှားသော ရှုခင်းသာယာသော ရှေးဟောင်းသစ်သား တံတားဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားကြသည်။

### ဒေးဝန်းအနောက်

ချမ်းအေးသာစံမြို့နယ် ဒေးဝန်း အနောက်ရပ်ကွက် တွင် ရပ်ကွက်ပေါင်း (၁၈)ရပ်ကွက် ပါဝင်သည်။ သင်္ဂဇာ ချောင်းအရှေ့ဘက်၊ အနောက်ဘက် ဧရာဝတီဆိပ်ကမ်း အထိ ကျယ်ပြန့်သော ရပ်ကွက်များဖြစ်၏။ ဒေးဝန်း အမည်မှာ မန္တလေးမြို့ မတည်မီကပင် ရှိနှင့်နေသော အမည်ဖြစ်သည်။ အမရပူရ ဒုတိယမြို့တည်နန်းတည် သာယာဝတီမင်းသည် ဤရပ်ကွက်အတွင်း ယာယီ စံနန်းတော်တည်ဆောက် ခေတ္တစံနေတော်မူသည်။ မင်းတဲအီကင်း၊ ဒေးဝန်းနှင့် ဆက်စပ်ခဲ့သော အမည်များ ဖြစ်သည်။

### သင်္ဂဇာတိုက်

ဒေးဝန်းအနောက်ပိုင်းတွင် အကွက်(၃၁၀)မှ (၃၁၄) ထိ လက်ရွှေးတောင်ပိုင်း၊ မြောက်ပိုင်းရပ်ကွက်များ၊ အကွက် (၃၂၅)မှ (၃၂၇)ထိ ခဝါစုရပ်၊ အကွက် (၃၂၆) ကျောင်းကြားရပ်၊ အကွက်(၃၁၆၊ ၃၁၇၊၃၁၈) ထင်းဝင်း ရပ်ကွက် များဖြစ်သည်။ အကွက်(၃၂၅)တွင် မင်းတုန်း မင်းကြီးကောင်းမှု သင်္ဂဇာဆရာတော် သီတင်းသုံးခဲ့ရာ သင်္ဂဇာကျောင်းတော် ကျောင်းတော် တည်ရှိသည်။ ရှေးဟောင်းသစ်သားကျောင်းတော်ကြီး ယခုတိုင် တည်ရှိ နေရာ ယိုယွင်းနေမှုများကို နိုင်ငံတော်က ရှေးမှုမပျက် ပြုပြင်ထားသည်။

သင်္ဂဇာတိုက်ဟု အမည်တွင်ခြင်းမှာ သင်္ဂဇာချောင်း အမှီပြုနေရုံသာမက သက္ကရာဇ် ၇၂၆ ခု ရတနာပူရမြို့ တည် သတိုးမင်းဖျားလက်ထက် ဩကာသဒီပနီကျမ်းကို ပြုစုသော ပတုသယ်ရာဇာ နေထိုင်သွားသောနေရာဖြစ် သောကြောင့် သင်္ဂဇာတိုက်ဟု ခေါ်ခြင်းဖြစ်သည်။ တစ်နည်းမှာလည်း ရှေးကမင်းစိုးရာဇာတို့ကဲ့သို့ အကောက်ခွန် အလှူခံယူခဲ့သော ဂိုဏ်းဖြစ်၍ သယ်ရာဇာ ဂိုဏ်းခေါ်ခဲ့ကြောင်းနှင့် ရှေးက ထိုသံဃာများနေခဲ့သော တိုက်ဖြစ်၍ သင်္ဂဇာတိုက်ခေါ်ကြောင်း အဆိုရှိသည်။ ၎င်း၏မြောက်ဘက်တွင် အကောက်ဝန်မင်းတိုက်တွင် သည်။ အကောက်ဝန်မင်းက ဆောက်လုပ်ကိုးကွယ်သဖြင့် အကောက်ဝန်မင်းတိုက်တွင်သည်။ ၁၂၀၉ ခုနှစ်တွင် အကောက်ဝန်ကျောက်ရဲမြို့စား မင်းလှကျော်ထင်ဘွဲ့ရ ဦးဘိုးက ဆောက်လုပ်လှူဒါန်းသည်။ အကောက်ဝန်မင်း ကျောင်းမှာ စစ်အတွင်း မီးလောင်သွားသည်။ တိုင်လုံး ပေါင်း ၂၄၃ တိုင်ရှိ ကျောင်းကြီးရှိသည်။ တိုင်လုံးကြီးများ မှာကြီးလွန်းသဖြင့် လူလက်တစ်ဖက်မမီဟု အဆိုရှိသည်။

ထို့ပြင် ဒေးဝန်းအနောက်ရပ် အကွက် (၃၁၇)၊ ထင်းဝင်း မြောက်ပိုင်း၌ အိုးဘိုတောင်ကျောင်းတိုက်၊ အိုးဘို မြောက်ကျောင်းတိုက် ရှိသည်။ အကွက် (၃၁၈)မှာ ယခု မြို့တော်ဥယျာဉ် ဖြစ်သည်။ အကွက် (၃၁၉၊ ၃၂၀) တာရိုး အရှေ့ ဘက် ကမ်းနားလမ်းဟောင်း ရပ်ကွက်များဖြစ် သည်။ အကွက်(၃၂၁)တွင် ရေကြောင်းရုံး၊ အကွက်(၃၂၂) ရေလမ်းရုံး၊ လူမှုဖူလုံရေးရုံး၊ ကျောက်ကွေ့အရပ်များ ဖြစ်သည်။ အကွက် (၃၂၃)ရေနံရုံး၊ စာတိုက်ရပ်၊ အကွက် (၃၁၅)မှာ ကြေးနန်းဝင်းဖြစ်သည်။ ရေကြောင်းရုံးဝင်း ထိပ်တွင် ဖောင်တော်ပဲ့စေတီငယ်တစ်ဆူ ဖူးတွေ့နိုင်သလို ရေလမ်းရုံးထဲတွင်ဖောင်တော်ဝမ်းစေတီ၊ ကမ်းနားလမ်း ကျောက်ကွေ့တွင် ဖော်တော်ဦးစေတီများ ဖူးတွေ့နိုင် သည်။ အလောင်းစည်သူမင်းကြီး၏ ဖောင်စကြာဆိုက်ရာ အရပ်ကို ဖောင်တော်ဦး၊ ဖောင်တော်ဝမ်းဗိုက် တည်ရာအရပ်ကို ဖောင်တော်ဝမ်း၊ ဖောင်တော်ပဲ့ပိုင်းရှိရာ နေရာတွင် ဖောင်တော်ပဲ့ဟူ၍ အမှတ်တရ စေတီငယ် များ တည်ထားခဲ့သည်ဟု ပါးစပ်ရာဇဝင် မှတ်သားရ သည်။ ဤသို့ဖြင့်ဖောင်တော်ဦးမှ ဖောင်တော်ပဲ့ ထိုနှစ်ပြ ခန့်ရှိသော နေရာအတိုင်းအတာအလောင်းစည်သူ၏ ဖောင်တော်ကို စိတ်ဝင်စားဖွယ်ဖြစ်သည်။

### သီရိဟေမာ အရှေ့အိမ်တော်ရာ

ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်သည် ဈေးချိုအနောက်ဘက် ၈၆ လမ်းမှ အနောက်လမ်း ၉၀ အတွင်းနှင့် ၂၆ လမ်းမှ ၂၈ လမ်းအတွင်း ရပ်ကွက်များ ဖြစ်၏။ အကွက်ပေါင်း (၁၁) ကွက်ရှိပြီး ထင်ရှားသော ဘာသာ၊ သာသနာရေး အဆောက်အအုံအဖြစ် ပုဂံမင်း၏ အိမ်တော်ရာစေတီ၊ ဆင်တံတား(မိကျောင်းတံတား) ငွေးချိုတိုက်၊ မိုးကောင်းတိုက်၊ ခင်မကန်တိုက်၊ ထီးလင်း တိုက် ကျောင်းတိုက်ကြီးများရှိ၏။

အိမ်တော်ရာဘုရားမှာ အကွက်(၂၄၇)တွင် ပါဝင် သည်။ သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့ နန်းတက်သော သီရိသုဓမ္မတိလောကပဝရမဟာ ဓမ္မရာဇာဓိရာဇာဘွဲ့နာမရှိသော ပုဂံမင်းတရားကြီး ကောင်းမှု စေတီဖြစ်၏။ သံတောင်(၅၆)တောင်(၂)မိုက်၊ အရပ်သံတောင် (၆၁)တောင်(၂)မိုက် ငါးသစ်၊ ထီးရပ် (၉) တောင် တစ်မိုက်ရှိပြီး ၁၂၀၉ ခု၊ နတ်တော်လဆန်း (၁၁)ရက်နေ့တွင် တည်ထားသည်။ ထိုနေ့ ရွှေထီးတင်ပြီး မဟာလောကရံသီ ကမ္ပည်းတင်သည်။ ပုဂံမင်းတရား အထွတ်အမြတ်သို့မရောက်မီ မင်းသားအဖြစ်က အိမ်တော်နှင့် နေတော်မူဖူးသော နေရာဌာနတွင် စေတီ တည်ထားသောကြောင့် အိမ်တော်ရာစေတီဟု အမည် ထင်ရှားသည်။ မဟာရံတံတိုင်းအတွင်း အရန်စေတီ လေးဆူကမ္ပည်းနှင့် တည်ရှိသည်။ ကျောက်စာတိုင် ရှိသည်။ သမိုင်းထင်ရှားသော ၁၄ ခန်း ဇရပ်ပြာသာဒ် တန်ဆောင်း၊ စနေထောင့်မှ သကျမုနိမဟူရာဘုရားနှင့် သေလာမုနိစကျင်ဖြူဘုရား ဖူးမြော်နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ် နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

# မောင်တစ်ထမ်းမယ်တစ်ရွက်

**ခ** အောင်ကျော်ညို(ဆင်ချဆိပ်)

ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများအတွက်ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရန် ကျန်းမာရေးဌာန ၇၀ကျော်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် 3MTG ပူးပေါင်းတည်ဆောက်ဟူသော မင်္ဂလာသတင်း တစ်ပုဒ်ဖတ်လိုက်ရသည်။ လက်ရှိမိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၆၈၄ ခု၊ ဌာနခွဲ ၈၅၃၈ ခုရှိပြီး အခြေခံကျန်းမာရေးဝန်ထမ်း ၁၈၁၉၅ ဦးနှင့် နယ်လှည့်ရွှေ့လျားဆေးကုသပေးသော အဖွဲ့များ 'အား'ကို ရယူနေချိန်တွင် နောက်ထပ်ကျန်းမာရေးဌာန ၇၀ ကျော် တိုးပွားလာခြင်းက ကျေးလက်ကျန်းမာရေးအတွက် မင်္ဂလာသတင်းကောင်းပင်ဖြစ်ပါသည်။

တောင်ကြီးမြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ကြီး)၏ ၁၆ ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမှ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆရာဝန်အင်အားဖြန့်ကြက်မှုမှာ ၃၅၀၀၀ ကျော်သာ ရှိသေးသည့်အတွက် ဆရာဝန်များပိုမိုမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ ဆေးခန်းမရှိ၊ ဆရာဝန် ဆရာမ မရှိသည့် ကျေးလက်ဒေသများ၌ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုကောင်းမွန်လာစေရန် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိရာ တစ်ရွာလျှင် ကျန်းမာရေးကျွမ်းကျင်သူ တစ်ဦးနှုန်း နည်းပါးရှိနေမည်ဆိုပါက ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သလိုတွေ့ကြုံရမည့် ပြဿနာအရပ်ရပ်ကိုလည်း ညှိနှိုင်းဖြေရှင်းနည်းဖြင့် ပူးပေါင်းဆွေးနွေးနိုင်သည့် ယဉ်ကျေးမှုရှိလာစေရန် ကြိုးပမ်းကြစေလိုကြောင်းဖြင့် အကြံပြုလမ်းညွှန်ကြားခဲ့ပါသည်။

မိမိတို့နိုင်ငံတွင် တစ်ရွာလျှင် ကျန်းမာရေးဝန်ထမ်းတစ်ဦးနှုန်းခန့်ထားမပေးနိုင်သေးလည်း ရွာတိုင်းတွင် ရှိနေသော တိုင်းရင်းဆေးဆရာများကို လက်တွဲခေါ်ယူနေရာပေးသွားမည်ဆိုပါလျှင် ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှုတွင် တစ်တပ်တစ်အား အထောက်အကူဖြစ်စေနိုင်မည် အမှန်ဖြစ်ပါသည်။ မိရိုးဖလာ တိုင်းရင်းဆေးပညာ၊ ဒေသထွက် သစ်ဥသစ်ဖုများနှင့် ပေါင်းစပ်လိုက်သောအခါ ဒေသခံများ အားကိုးလောက်သည့် ဆေးဆရာကောင်းများ ဖြစ်လာခဲ့သည်။ မိဘဘိုးဘေးအစဉ်အလာ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းလာခဲ့သော တိုင်းရင်းဆေးပညာဖြင့် ကျေးလက် နေပြည်သူများ၏ ကျန်းမာရေးကိုပြုစုစောင့်ရှောက်လာခဲ့သည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။

> တိုင်းရင်းဆေးပညာကိုလည်း တစ်ဖက်တစ်လမ်းမှ မြေတောင်မြှောက်ပေးမည်ဆိုပါလျှင် တစ်ဖက်မှာ နိုင်ငံ့ဝန်ထမ်းများ၊ အခြားတစ်ဖက်မှာ တိုင်းရင်းဆေးပညာရှင်များ ဟန်ချက်ညီစွာဖြင့် မောင်တစ်ထမ်းမယ်တစ်ရွက် တက်ညီလက်ညီရှိလာပြီဆိုပါလျှင်. . .

လက်ရှိမိမိတို့နိုင်ငံ၏ ကျွမ်းကျင်ဝန်ထမ်းများ တစ်ရွာတစ်ယောက် တာဝန်မပေးနိုင်သေးမီ ဤဒေသခံတိုင်းရင်း ဆေးဆရာများအားကို စနစ်တကျရယူနိုင်မည်ဆိုပါလျှင် သစ်မရောက်ခင်ဝါးကူ၊ ၂၀၃၀ မတိုင်မီ ကျန်းမာရေးအတွက် ကြီးမားစွာအထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။

တိုင်းရင်းဆေးပညာသမိုင်းတွင် မှတ်တမ်းတင်လောက်သည့် ကနဦးဆေးပညာရှင်များအနက် တစ်ဦးမှာ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလ ဆရာဇီဝကပင်ဖြစ်ပါသည်။ ဆရာဇီဝ၏ ဆေးပညာသင်တန်းအောင်မြင်မှုကို လက်တွေ့စမ်းသပ်မှုဖြင့် မှတ်တမ်းတင်ထားခဲ့သည်။ နေ့ဝက်ခရီးအသွားအပြန် လမ်းတစ်လျှောက်တွင်တွေ့ရှိသမျှ သစ်ပင်များမှ ဆေးဖက်မဝင်သည့် နွယ်မြက်သစ်ပင်တွေ့ရှိလျှင် ခူးယူလာခဲ့ဖို့ ဆရာက မှာကြားရာခရီးတစ်လျှောက်မှာ ဆေးဖက် မဝင်သောအပင်မရှိ၊ မတွေ့။ ဤသို့ဖြင့် ဆရာဇီဝက ဆေးပညာသင်တန်းအောင်မြင်ခဲ့သည်။

လောကတွင် အရှိတရားနယ်ပယ်နှင့် အသိတရားနယ်ပယ်ဟူ၍ရှိရာ အရှိတရားနယ်ပယ်ကား ကျယ်ဝန်းနက်ရှိုင်း လွန်းသည်။ မျက်မှောက်ကာလ ကမ္ဘာကို ခြောက်လှန့်လာနေသော ဇီကာဗိုင်းရပ်စ်ပိုး ခြင်ကြားမှတစ်ဆင့် ကူးစက်ကြောင်း သိရှိလာခဲ့သည်မှာ မကြာသေး။ ယခင်က သွေးလွန်တုပ်ကွေး၏ လက်သည်ဟုသာ သိထားသည်။ ကျောင်းတိုင်းမှာ ဤခြင်ကြားအန္တရာယ်ကို ရှင်းပြခဲ့ရသည်။ ရှင်းလင်းခဲ့ရသည်။ အထူးသဖြင့် မူကြိုကျောင်းသားလေးများ အိပ်စက်အနားယူချိန် ခြင်ကြားကိုက် မခံရအောင် တာဝန်ပိုခဲ့ရသည်။ ယခု ဇီကာဗိုင်းရပ်စ်က ဆင့်ပွားလာသောအခါ တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်လာခဲ့ရသည်။ နောက်ထပ် မိမိတို့မသိရှိနိုင်သေးသည့် ရောဂါဝေဒနာများ ယင်းတို့၏ လက်သည်များ မည်၍မည်မျှရှိနေဦးမည်နည်း။

"အနာသိဆေးရှိ" ဆိုစကားအတိုင်းပင်ရောဂါဟူသမျှတွင် ကံနာဝဋ်နာမှအပ ကုသပေးနိုင်စွမ်းသည့် ဆေးစွမ်းကောင်းများ မိမိတို့ဝန်းကျင်မှာ အများအပြားရှိနေသည်။ မိမိတို့သုတေသနပြုဖော်ထုတ်နိုင်ဖို့သာ လိုသည်။

မိမိတို့နိုင်ငံ၏ လူတိုင်းလက်လှမ်းမီကျန်းမာရေးဝန်ဆောင်မှုစနစ် (Universal Health Lovertage) နှစ် ၃၀ နှစ်ရှည် စီမံကိန်းသည် ၂၀၃၀-၂၀၃၁ မှာ ပြီးပြည့်စုံမည် ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိရာ စပ်ကူးမပ်ကူးကာလတွင် တိုင်းရင်းဆေးပညာကိုလည်း တစ်ဖက်တစ်လမ်းမှ မြေတောင်မြှောက်ပေးမည်ဆိုပါလျှင် တစ်ဖက်မှာ နိုင်ငံ့ဝန်ထမ်းများ၊ အခြားတစ်ဖက်မှာ တိုင်းရင်းဆေးပညာရှင်များ ဟန်ချက်ညီစွာဖြင့် မောင်တစ်ထမ်းမယ်တစ်ရွက် တက်ညီလက်ညီရှိလာပြီဆိုပါလျှင် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကြီးစွာအထောက်အကူဖြစ်စေနိုင်မည် အမှန်ဖြစ်ပါသည်။ ။



## မုံရွာခရိုင်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေကို စနစ်တကျသုံးစွဲသင့်

**မုံရွာ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ၏ စိုက်ပျိုးရေလိုအပ်ချက်ကို ဆည်၊ မြစ်ရေတင်၊ ချောင်း၊ တမံ၊ ရေလှို့တွင်း၊ တောင်သူပိုင်တွင်း စသည်တို့မှ သုံးစွဲလျက်ရှိရာ ယခုနှစ်နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များမြင့်တက်ပြီး စိုက်ပျိုးရေအခက်အခဲ မဖြစ်ပေါ်စေရန်၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲကြရန်အတွက် မြို့နယ်အလိုက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ်နွေရာသီက ပုံမှန်အပူချိန်ထက်ပိုပြီးပူတော့ ရေရှားပါးနိုင်တဲ့အတွက် တောင်သူတွေအနေနဲ့ စိုက်ပျိုးရေအတွက်အသုံးပြုမယ့် ဆည်၊ ချောင်း၊ ကန်၊ မြေအောက်ရေတွေကို စနစ်တကျ အလေအလွင့်မရှိ သုံးစွဲကြဖို့လိုပါတယ်။ ဆည်ရေကိုသုံးမယ့် တောင်သူတွေအနေနဲ့ တစ်ချိန်တည်း အနီးကပ်ဆုံးတစ်ဆက်တစ်စပ်တည်း စိုက်ပျိုးကြဖို့၊ ရေသွင်းရင်လည်း တစ်ခင်းပြီးတစ်ခင်း မသွင်းဘဲ၊ လက်ခြားမြောင်းတူးပြီး ရေသွင်းကြဖို့၊ စိုက်ပျိုးရေကို လိုသလောက်ပဲယူကြဖို့၊ ဆည်နဲ့ဝေးတဲ့ စိုက်ပျိုးမြေတွေမှာ ရေလိုအပ်ချက်နည်းတဲ့ သီးနှံတွေကို ဦးစားပေးစိုက်ပျိုးကြဖို့၊ မြေအောက်ရေအသုံးပြုတဲ့ တောင်သူတွေအနေနဲ့က သက်တမ်းတိုတဲ့ စပါးမျိုးတွေ၊ ရေလိုအပ်ချက်နည်းတဲ့ အခြားသီးနှံတွေကို ဦးစားပေးစိုက်ပျိုးကြဖို့၊ ရေသွင်းစိုက်ပျိုးခြင်းထက် ရေဖျန်းစနစ်နဲ့စိုက်ပျိုးကြဖို့၊ စိုက်ခင်းတွေမှာ ရေအစိုဓာတ်ကိုထိန်းနိုင်ဖို့ အပင်ခြေတွေမှာ သစ်ရွက်ခြောက်၊ ကောက်ရိုး၊ ပဲရိုးခြောက်တွေဖုံးအုပ်ထားဖို့အတွက်ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွေက ကျေးရွာတွေအရောက် ကွင်းဆင်းပြီး အသိပညာပေးဟောပြောပွဲတွေ လုပ်ဆောင်ပေးနေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ လှိုင်လင်ခရိုင်၌ အသိပညာပေးဟောပြော

**ကာလိ မတ် ၂၄**

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ လှိုင်လင်ခရိုင် ကာလိမြို့ ဟိုပန်ကျေးရွာအုပ်စု ဝမ်ဆတ်ကျေးရွာမှ ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပွဲကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်သိုက်က အယ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာနှင့် ဒေသခံပြည်သူများ၊ ကြုံတွေ့နိုင်သည့် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရမည့်နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က သီးနှံထွက်နှုန်း လျော့နည်းမှုမရှိစေရေးအတွက် သက်တမ်းတို ထွက်နှုန်းကောင်းမျိုးစပါးများစိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးနှင့် ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်က အပူဒဏ်ကျရောက်နိုင်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမိုခမ်းက ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## စလင်းမြို့နယ်အတွင်း ကြက်သွန်အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရဘဲ ဈေးနှုန်းကျဆင်းနေ

**စလင်း မတ် ၂၄**

စလင်းမြို့နယ်အတွင်းရှိ စလင်းချောင်းအတွင်း စိုက်ပျိုးရရှိသော ကြက်သွန်များ တူးဖော်ရောင်းချနေလျက်ရှိရာ ကြက်သွန်အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရရှိသဖြင့် ကြက်သွန်စိုက်တောင်သူများ အခက်တွေ့နေကြောင်း သိရသည်။

စလင်းချောင်းအနီးဝန်းကျင်ကျေးရွာများဖြစ်သည့် ပေါင်းဆည်ကျေးရွာ၊ အောက်လှိုင်းကျေးရွာ၊ ပိန္နဲပင်ကျေးရွာ၊ ငလင်ပန်းကျေးရွာများတွင် ဆောင်းရာသီ၌ ချောင်းအတွင်းရှိ သဲမြေနုများပေါ်၌ နွားချေး၊ မြေဩဇာများထည့်၍ ထွန်းယက်ပြင်ဆင်ကာ ကြက်သွန်ကို အဓိကထားစိုက်ပျိုးကြသည်။

တပေါင်းလဆန်းမှစ၍ကြက်သွန်များတူးဖော်၍ စလင်းမြို့မဈေးအနောက်ဘက်ရှိ အဝယ်ဒိုင်များသို့ လာရောက်ရောင်းချလျက်ရှိရာဈေးကောင်းမရရှိသဖြင့် စိုက်ပျိုးစရိတ်နှင့် ကြက်သွန်မျိုးကုန်ကျငွေလောက်သာရရှိကြသည်။

'ဒီနှစ် ကြက်သွန် (ရွှေဝါ) တစ်ပိဿာ ၃၃၀ ကျပ်ပဲရရှိတယ်။ အရင်နှစ်က အနည်းဆုံး ၄၀၀ ကျပ်ထိရတယ်။ ကျွန်တော်တို့ရွာဘက်က တစ်နေ့ကို ကြက်သွန်ပိဿာ ၂၀၀၀ ကျော်ခန့်ထိ စလင်းမြို့မဈေးနားက အဝယ်ဒိုင်ကို နေ့စဉ် လာရောက်ရောင်းချကြတယ်။ ဒိုင်ဆီမှတစ်ဆင့် လက်လီ၊ လက်ကား ပြန်ဖြန့်ရောင်းတော့ ၃၅၀ ကျပ်ကနေ ၄၀၀ ကျပ်ထိ ပြန်ရောင်းကြတယ်။ ကျွန်တော်တို့ဘက်က ရွှေဝါကြက်သွန်မျိုးကို အစိုက်များတယ်။ ရန်ကုန်အဝယ်ဒိုင်အများစုက ရွှေဝါမျိုးကို ပိုကြိုက်ကြတယ်။ ရွှေဝါကြက်သွန်က မမွှန်ဘူး။ ရွှေနီကြက်သွန်က မွှန်တယ်။ မန္တလေးဘက်က ဒိုင်တွေကဝယ်တယ်။ အများစုကတော့ ရွှေဝါကြက်သွန်မျိုးပဲ စိုက်တာများပါတယ်။ အဝယ်ဒိုင်တွေက ခုအချိန် ရသမျှဝယ်ယူသိုလှောင်ထားတာလည်းရှိတယ်။ ကြက်သွန်ဈေးမကောင်းတော့ စိုက်စရိတ်သာသာပဲရတယ်။ ထွက်နှုန်းကောင်းပေမယ့် အမြတ်နည်းတာပေါ့" ဟု ပေါင်းဆည်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ကိုဇော်မင်းနိုင်ကပြောသည်။



**တင်ထွန်းဦး(မင်းဘူး)**

## ကြော်ငြာ


**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**ရွှေပင့်ကူ**
မန်းရွှေစက်တော် (ဘေးသည်းမြို့) ၅၃၀၀၀
မန္တလေးမုံရွာစစ်ကိုင်းအလောင်းတော် ၅၀၀၀၀
မန္တလေးမုံရွာစစ်ကိုင်းအလောင်းတော်ပြင်ဦးလွင် ၆၅၀၀၀
မန်းရွှေစက်တော်ပုဂံညောင်ဦးပုပ္ပါး ၆၅၀၀၀
တောင်ကြီးအင်းလေးပင်းတယ April ၁၁ ထွက်မည် ၆၅၀၀၀
၀၉-၇၃၁၁၀၁၃၄၆၊ ၀၉-၄၂၇၂၀၀၄၇၊ ၀၉-၄၅၀၂၆၃၃၉

**RUBY** ကားစီးလိုးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနီတတုံး/Hiace ၉/၁၁ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ရှိသောသေချာနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

**GOLDEN CITY**
* ချောင်းသာ(တနေ/တည်း-ပြီး) - 80000/-
* တောင်ကြီးအင်းလေးပင်းတယကိုလုံးထင့်စမ်း မွေတော်တက္ကူ (၄ရက်)၊ လှိုင်ကော်ပါ (၅ရက်)
* မန္တလေးပြင်ဦးလွင်စစ်ကိုင်းမုံရွာအလောင်းတော် သင်္ကြန်အတွက် ကြိုတင်လက်မှတ်ရောင်းပြီ April-11,17
09-450765726, 09-781076743

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

**မေဃဝတီခရီးသွားလုပ်ငန်း**
**Maygawaddy Travels&Tours Co,Ltd.**
၁။သံဝေဇနီယလေးဌာန၊အဝိဇဟိတသုံးဌာန (၈)ရက်ခရီး၊(ဧပြီ-၁၁/၁၂) ၉သိန်း
၂။သီရိလင်္ကာ(ဗုဒ္ဓမြတ်စွယ်တော်)ထိုင်း၊ကမ္ဘောဒီယား(၆/၉)ရက်ခရီးစဉ်၊(မေ-၁၉ ရက်)
သံဃာတော်/ဆရာလေးများအားအထူးနှုန်းဖြင့်ကုသိုလ်ယူပို့ဆောင်ပေးနေပါပြီ။
အမှတ်(၁၅)မဟာရာလမ်း၊ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်၊(၂၁/၄)ရ-ရပ်ကွက်၊ကမာရွတ်
☎ ဖုန်း- ၀၁ ၅၃၉၈၈၉၊၀၉၅၀၆၅၁၃၀၊၀၉၄၂၀၀၄၉၉၈၊၀၉၈၃၁၀၉၅၀၃
Email:maygawaddy02@gmail.com

**POSSIBLE Travels & Tours**
သင်္ကြန်ပွဲတော်နှင့်အတူ အားလပ်ရက်ခရီးစဉ်များ
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (4N/5D) April 12,16 Royal Class 320000/-
VIP Class 270000/- Normal Class 180000/-
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-လွိုင်ကော်-ဒီမော်ဆိုးလ် (5N/6D) April 12 270000/-
ကယားပြည်နယ်-ဒီမော်ဆိုးလ်-ပန်ပက်ရွာ (3N/4D) April 13 170000/-
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ (4N/5D) April 9,13 170000/-
မန္တလေး-မုံရွာ-အလောင်းတော်ကဿပ-ပြင်ဦးလွင် (5N/6D) April 12 220000/-
ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကျွန်း (4N/5D) April 9,12,14,16 230000/-
ကရင်ပြည်နယ်-ကျိုက်ထော်-ဆဒ္ဒန်ဂူ-မော်လမြိုင်-ကျိုက်မီ-စက်စဲ (3N/4D) April 12,16 145000/-
အဆင့်မြင့် Scania ကား၊ 3Star Hotel များဖြင့်သာ စီစဉ်ပေးပါသည်။
Contact Ph : 01-706716, 01-9010327, 09-259257822-23,0925790919






ရန်ကုန် မော်တော် - အမှတ်-(၅၀၊၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၀၁ - ၂၀၁၆၁၉
အောင် မော်တော် - အမှတ်-(၃၃)၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ ၀၁ - ၆၅၅၈၁၃
မျိုး မော်တော် - အမှတ်-(၁၉၂/၂၄၈(ခ))၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ၀၁ - ၄၀၀၁၂၃
လှိုင်နှင့်စွမ်း မော်တော် - ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ ၀၁ - ၃၉၃၀၇၀
အေးအိုင်ကို မော်တော်(မန္တလေး) - ၆/၂ သိပ္ပံလမ်း၊ ၆၀ x ၆၁ လမ်းကြား၊ ၀၉ - ၇၃၀၄၀၃၇၇



# သင်္ကြန်ပွဲတော် အထူးအစီအစဉ်

(၂၀၁၆ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိသာ)

SUZUKI Way of Life!

The Brand New **ERTIGA** for Myanmar



အထူးဈေးနှုန်း
ကျပ် ၁၉၉သိန်း + +
(First Come, First Serve Condition)

**၁.၄လီတာ အင်ဂျင်၊ အော်တိုဂီယာ(၄)ချက်ပါရှိခြင်း**

Petrol 14.92*1 km/l

*1 ECER101 စမ်းသပ်မောင်းနှင်မှု စံတန်းဆီစားနှုန်းသည် လမ်းအခြေအနေနှင့် မောင်းနှင်မှုပုံစံအပေါ် အပြောင်းအလဲရှိနိုင်ပါသည်။

ဆူဇူကီး(မြန်မာ)မော်တော်မှ လေးစားရပါသောဝယ်ယူအားပေးသူများအတွက် အစဉ်ထောက်ပံ့ပေးနေသည်မှာ......

ဂျပန်ဆူဇူကီး အရည်အသွေး၊ အဆင့်အတန်းနှင့်အညီ တပ်ဆင်ထုတ်လုပ်ထားပါသည်။

facebook/Suzuki Myanmar Motor Co., Ltd.

**ခုံသုံးတန်း၊ ထိုင်ခုံခုနစ်လုံး**



အရောင်းကိုယ်စားလှယ်များ

ရန်ကုန်
အောင် မော်တော် ဖုန်း - (၀၁) ၆၅၅၈၁၃
လှိုင်နှင့်စွမ်း မော်တော် ဖုန်း - (၀၁) ၃၉၃၀၇၀
ရန်ကုန် မော်တော် ဖုန်း - (၀၁) ၂၀၁၆၁၉
မျိုး မော်တော် ဖုန်း - (၀၁) ၄၀၀၃၉၉

မန္တလေး
အေးအိုင်ကို မော်တော် ဖုန်း - (၀၉) ၇၃၀၄၀၃၇၇

**စိတ်ချမ်းမြေ့မှုရရှိခြင်း**

၁ အာမခံ ၃ နှစ်/ ကီလိုမီတာ ၁ သိန်း*2
၂ ကောင်းမွန်စွာလေ့ကျင့်ပေးထားသော ကားပြုပြင်ထိန်းသိမ်းရေး ထိန်းသိမ်းရေးနည်းပညာဆိုင်ရာ ဝန်ထမ်းများရှိခြင်း
၃ စစ်မှန်သောဆူဇူကီး အပိုပစ္စည်းများအလုံအလောက် ရရှိနိုင်ခြင်း

*2 ဦးဆုံးအရင်ကျရောက်ရာ၊ အာတီဂါအတွက်သာ

NEW SUPER CARRY TRUCK
အထူးဈေးနှုန်း
ကျပ် ၈၇သိန်း + +



## ကြော်ငြာ

အတာသင်္ကြန်ကျောင်းပိတ် ရက်ရှည်မှာ"သားသား" "မီးမီး" "ဦးဦး" "ဒေါ်ဒေါ်" "ဘိုးဘွား" "မိဘ" ညီအစ်ကိုမောင်နှမသူငယ်ချင်းမိတ်ဆွေများ ပျော်ရွှင်မှုနှင့် အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့ Nice Fare Travel IATA နှင့်ခရီးသွားကြစို့ ..........

- မန္တလေး - ဗန်ကောက်/ပတ္တရား - မန္တလေး (700 - USD) (၁၀.၄.၂၀၁၆ မှ ၁၅.၄.၂၀၁၆) (၅ညအိပ် ၆ရက်)
- ရန်ကုန် - ဗန်ကောက်/ပတ္တရား - ရန်ကုန် (650 - USD) (၁၃.၄.၂၀၁၆ မှ ၁၈.၄.၂၀၁၆) (၅ညအိပ် ၆ရက်)
- ရန်ကုန် - ဘေဂျင်း-ရှန်ဟိုင်း-ကူမင်း-ရန်ကုန် (1850 - USD) (၁၁.၄.၂၀၁၆ မှ ၁၈.၄.၂၀၁၆) (၇ညအိပ် ၈ရက်)
- ရန်ကုန် - စင်ကာပူ -ရန်ကုန် (950 - USD) (၁၃.၄.၂၀၁၆ မှ ၁၆.၄.၂၀၁၆) (၃ညအိပ် ၄ရက်)

(ခရီးစဉ်အားလုံး Nice ဖြစ်ရမည် ... ဈေးနှုန်းလည်း Fair ဖြစ်ရမည်။)

အထူးဝန်ဆောင်မှု - ခရီးစဉ်အားလုံး စရိတ်ငြိမ်း မည်သည့် အကြောင်းပြချက်နှင့် အပိုကြေးထပ်မံမကောက်ယူပါ။ 4 Star Hotel နှင့် ပြင်ပမှ Tour Leader အငှားမခေါ်ပါ၊ Nice Fare Travel မိသားစုမှ အနီးကပ် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပို့ဆောင်ပေးပါသည်။

ဆက်သွယ်ရန် ၀၁-၂၅၅၆၉၉၊ ၀၉-၅၁၆၅၅၃၉၊ ၀၉-၅၁၃၉၂၆၃၊ ၀၉-၉၆၀၂၅၆၀၀၀ ၀၉-၇၈၈၇၇၃၀၁၀ ၊ ၀၉-၇၇၇၇၇၂၃၅၄၊ ၀၉-၇၇၇၇၇၂၃၅၈။

---

Mr. Myanmar Travel and Tours

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ

UMTA A Member of Union of Myanmar Travel Association

Bangkok 6D5N (11 - 16 April) USD 650

Singapore 5D4N (12 - 16 April) USD 1020

| | | | | | |
|---|---|---|---|---|---|
| ဂျပန် ၉ရက် (11 Apr) | - 3100 USD | ဩစတြေးလျ ၁၁ရက် (11 Apr) | - 3990 USD | ဘာလီကျွန်း ၆ရက် (11 Apr) | - 1350 USD |
| ကိုရီးယား ၉ရက် (13 Apr) | - 2250 USD | တရုတ်ပြည် ၁၀ရက် (12 Apr) | - 1750 USD | ချင်းမိုင် ၅ရက် (13 Apr) | - 690 USD |
| ရုရှား ၈ရက် (11 Apr) | - 2990 USD | ဟောင်ကောင် ၈ရက် (10 Apr) | - 1690 USD | ဖူးခက်ကမ်းခြေ ၄ရက် (12 Apr) | - 870 USD |
| ဒူဘိုင်း ၇ရက် (11 Apr) | - 2400 USD | စင်ကာပူ-ဘင်တန် ၅ရက် (12 Apr) | - 1170 USD | ဗီယက်နမ် ၇ရက် (10 Apr) | - 1020 USD |
| ဘူတန် ၆ရက် (12 Apr) | - 2350 USD | မလေးရှား ၅ရက် (12 Apr) | - 830 USD | ဗီယက်-ကမ္ဘောဒီး ၈ရက် (10 Apr) | - 1380 USD |

တိုက်(၂၉/၃၀)၊ ပထမထပ်၊ ဝဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
TEL: 228828, 09972897722, 09972897733, 09799753144, 09799753155

---

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း

- စစ်တွေ၊ကျောက်တော်၊မြောက်ဦး၊ငပလီကမ်းခြေ (Thande Beach Hotel) Apr 12
- မြဝတီ၊မဲဆောက်၊ဖဝေါ၊ဘားအံ၊ကော့ဂွန်းဂူ (Myawadi Hotel) Apr 12
- တောင်ကြီး၊အင်းလေး၊လျှိုင်ကော်၊ဒီးမော့ဆို၊ငွေတောင်ဆည်၊ကန်ခုနစ်ဆင့် Apr 12
- ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင် (Shwe Poe Eain Hotel) Apr 12

ဖုန်း ၀၉-၇၃၀၄၀၀၅၀၊၇၃၀၄၀၀၅၁၊၇၃၀၄၀၀၅၂၊ ၀၉-၈၆၃၆၄၆၆၊၇၃၀၃၆၆၆၆၊၂၅၉၂၈၀၇၂၉ အမှတ်(V.3)၄၀၁(၅)လမ်း၊မြကန်သာ၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။

---

TRAVEL VILLAGE အဆင့်မြင့် ခရီးသွားလုပ်ငန်း

"နှစ်သစ်မဟာသင်္ကြန်အထူးခရီးစဉ်များ" MARCHလနှင့် APRILလ အထူးခရီးစဉ်များ

- တောင်ကြီး-အင်းလေး-ကလော-ပင်းတယ March 24(155,000Ks)/April 12,17(189,000Ks)
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ March 24(155,000Ks)/April 12,17(189,000Ks)
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး March 25(99,000Ks) /April 17 (99,000Ks)
- မန္တလေး(ကျောက်စိမ်း)-ပြင်ဦးလွင်(ဒီးဒုတ်) April 12 (180,000Ks)
- ဘားအံ(ကျိုက်ထော်ရေတံခွန်) (နေ့ချင်းပြန်)March(12/19/22/26) (35,000 Ks)
- မော်လမြိုင်-ကျိုက္ခမီ-စက်စဲ (နေ့ချင်းပြန်)March(12/19/22/26) (35,000 Ks)

Travel Village Travel and Tours. April လခရီးစဉ်များ အားလုံး Scania Car များနှင့်သာထွက်ပါမည်။
Hot Line : 09 451188061, 09 450286728, 09 961413999

---

Royal Silver Swan Co.,Ltd (SS Tour)
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

- ပြင်ဦးလွင်-မန္တလေး-စစ်ကိုင်း(၃ညအိပ် ၄ရက်) March 25 (130,000ks), April 8, 15 (145,000 Ks)
